Agribiz News
လယ်ယာစီးပွားသတင်း
www.agribiznews.com.mm
e-Paper-0014
၂၀၂၄ ခုနှစ် ဇူလိုင် ၁၅ ရက်

# မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ ၁၄ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ






နေပြည်တော်၊ ဇူလိုင် ၁၀

**မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၁၄ ကြိမ်မြောက် အစည်းအဝေးကို ဇူလိုင်လ ၁၀ ရက်နေ့ နေ့လယ်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဗဟိုကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး က အမှာစကား ပြောကြားရာ၌နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးရန် ခွင့်ပြုပေးထားသည့်မြေများကို စနစ်တကျ အသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းသည် ဆက်စပ်လျက်ရှိပြီး၊ နိုင်ငံ့ GDP တိုးတက်ရေးနှင့် ဆက်စပ်မှုများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ GDP တိုးတက်လာမည်ဖြစ်ကြောင်း၊ ၎င်းအပြင် မြေယာနှင့် မြေလွတ်မြေရိုင်းအသုံးချမှုများကိုလည်း တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရန် နိုင်ငံတော် အစိုးရ က လမ်းညွှန်မှုပြုထားပါကြောင်း၊

မြေလွတ်၊မြေလပ်နှင့်မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများ အနေဖြင့် သတ်မှတ် ကာလအတွင်း စည်းကမ်းချက်နှင့်အညီ အပြည့်အဝ စိုက်ပျိုးမွေးမြူ လုပ်ကိုင် ဆောင်ရွက် အသုံးပြုရန်အတွက် ကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသိပညာပေးဆွေးနွေးကြရန် လိုအပ်ကြောင်း၊

၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်း ပြီးနောက် မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီမှ စုစုပေါင်းမြေဧရိယာ ၂၇၄၁၂၇၉ ဧကကိုလုပ်ပိုင်ခွင့် အသုံးပြုခွင့်များ ချထားပေးခဲ့သော်လည်း သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မှုမရှိသည့် မြေဧရိယာ ၁၅၈၉၃၆၄ ဧကကို ပြန်လည် သိမ်းဆည်းခဲ့ရကြောင်း၊ ထိုကဲ့သို့ပြန်လည်သိမ်းဆည်းရန် ဆောင်ရွက်ရသည့် လုပ်ငန်းရပ်များအတွက် အသုံးပြုရသည့် အချိန်နှင့် ငွေကြေးကို ချွေတာနိုင်စေရန် မိမိတို့ကော်မတီနှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ကော်မတီများ အနေဖြင့် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက် ထားလာသူက အမှန်တကယ် အကောင်အထည်ဖော်လုပ်ကိုင်ဆောင်ရွက်နိုင်မည့် ဧရိယာပမာဏကို စနစ်တကျစိစစ် ခွင့်ပြုပေးရန် လိုအပ်ကြောင်း၊

အလားတူ ယခင်လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများထံမှ မြေခွန်တော်ကောက်ခံရမည့် နှစ်စဉ်ကြေး မြေခွန်စည်းကြပ် ကောက်ခံနိုင်ရေးကိုလည်း ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊မြေခွန်တော်ကြွေးကျန်ဖြစ်ပေါ်ခြင်းနှင့် သတ်မှတ်ထားသောစည်းကမ်းချက်များကို လိုက်နာခြင်း မရှိပါက ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ပေးထားသည့် မြေကို ပြန်လည်သိမ်းဆည်းခြင်း၊ ပေးသွင်းထားသောအာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းများအပြင်တည်ဆဲဥပဒေများအရ တိတိကျကျ အရေးယူဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီအတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို တင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက အကြောင်းအရာတစ်ခုချင်း အပေါ် ဆွေးနွေး ခဲ့ကြသည်။

ယနေ့ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဗဟို ကော်မတီ၏ ၁၄ ကြိမ်မြောက် အစည်းအဝေးတွင် သက်ဆိုင်ရာဝန်ကြီးဌာနများက သဘောထား မှတ်ချက်ပြန်ကြားလာသည့် လုပ်ငန်းစာတွဲများ စိစစ်တင်ပြခြင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊အသုံးပြုခွင့် လျှောက်ထား လာမှုများအပေါ် စိစစ်တင်ပြလာသည့် လုပ်ငန်းစာတွဲများနှင့် ပတ်သက်သည့် ကိစ္စရပ်များအပေါ် ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ MOALI

တိရစ္ဆာန်စာ နာနတ်သီးခွံချဉ်ဖတ်.... စာ-၇
မြေဆီလွှာကျန်းမာရေး ဂရုတစိုက်ဆောင်ရွက်ပေး စာ-၁၆



# အကောင်းဆုံးငါးမွေးမြူရေးကျင့်စဉ်စနစ်နှင့်ပတ်သက်၍ဌာနနှင့်အသင်းအဖွဲ့များညှိနှိုင်းဆွေးနွေး

နေပြည်တော်၊ ဇူလိုင် ၉

**ရေလုပ်ငန်းကဏ္ဍပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက် အကောင်းဆုံး ငါးမွေးမြူရေး ကျင့်စဉ် ( Best Aquaculture Practice- BAP) စနစ်နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၉ ရက်နေ့က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ရုံးအမှတ် ၃၆ တွင် ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့မှတာဝန်ရှိ သူများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် နှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

အခမ်းအနားၤ၌ ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ GDP တိုးတက်လာမည်ဖြစ်ကြောင်း၊ စာရင်းဇယားများအရ ကြက်နှင့် ငါးတွဲဖက်မွေးမြူမှုကို ကရင် ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်လျက်ရှိရာ မွေးမြူသူ ၁၁၃၂ ဦး ဧရိယာအားဖြင့် ဧက ၂၁၀၀၀ ကျော် ရှိကြောင်း၊ လေ့လာတွေ့ရှိချက်များအရ ကြက်နှင့် ငါးတွဲဖက်မွေးမြူမှုသည် နှစ်ဦးနှစ်ဖက်အကျိုးရှိစေနိုင်သည့် ကောင်းကျိုးများရှိသကဲ့သို့ ငါးကန်ကို ညစ်ညမ်းမှုဖြစ်စေနိုင်သည့် ဆိုးကျိုးများကိုလည်း ဂရုပြုရန် လိုကြောင်း၊ ပြည်ပတင်ပို့ရန် ရည်ရွယ်ထုတ်လုပ်သည့် ရေထွက်ကုန်များ၊ ရေနေသတ္တဝါများအတွက် ကြက်ဝက် ငါးတွဲဖက်မွေးမြူမှု (Integrated Farming) အား ခွင့်ပြုခြင်းမရှိသည်ကို ဂရုပြုရမည် ဖြစ်ပါကြောင်း၊ အဓိကမှာ အစားအစာဘေးကင်းလုံခြုံမှုရှိစေရန် ဖြစ်ပါကြောင်း၊ ဌာန တာဝန်ရှိသူများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့၏ ကဏ္ဍတစ်ခုတည်းကိုသာ တွန်းအားပေး၍ ဆွေးနွေးခြင်းမပြုဘဲ နိုင်ငံတော်၏ စားရေရိက္ခာ ဖူလုံရေး၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် နိုင်ငံ၏ GDP တိုးတက်လာစေရေး အတွက် မျှတမှန်ကန်သော စီမံခန့်ခွဲမှုနည်းလမ်းဖြင့် အကောင်းဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကို ဦးတည်ဆွေးနွေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အကောင်းဆုံး ငါးမွေးမြူရေး ကျင့်စဉ် (Best Aquaculture Practice - BAP) စနစ်ကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းလုပ်ငန်းရှင်များနှင့် ပို့ကုန် လုပ်ငန်းရှင်များအသင်း (MPEA) တာဝန်ရှိသူက ဆော်ဒီအာရေဗျ နိုင်ငံသို့ မွေးမြူရေးငါးများတင်ပို့နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ MPEA ၏ အကြံပေးပုဂ္ဂိုလ်မှ BAP, GAqP ဆောင်ရွက်ရန်လိုအပ်မှု အားသာချက် အားနည်းချက်များ အပေါ် သုံးသပ် တင်ပြကြသည်။ ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာသူများက ရှေ့ဆက် ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**MOALI**

## မော်လမြိုင်ကျွန်း၌ငါးသယံဇာတတိုးပွားစေရေး အသိပညာပေးပိုစတာစိုက်ထူခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

မော်လမြိုင်ကျွန်း ဇူလိုင် ၇

လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ (၆) ရပ်ကွက် မြို့ဦးစေတီ ဆိပ်ကမ်း၌ ငါးသယံဇာတတိုးပွားစေရေး လူထုအသိပညာပေး ပိုစတာစိုက်ထူခြင်းနှင့် တားမြစ်ထားသော ငါးဖမ်းကိရိယာငါးဖမ်းနည်းများဆိုင်ရာသိမှတ်ဖွယ်ရာ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း အခမ်းအနားကို နံနက် ၉ နာရီက အဆိုပါဆိပ်ကမ်း ၌ ကျင်းပသည်။

အခမ်းအနားသို့ မော်လမြိုင်ကျွန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟဇော်၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးမင်းလွင်၊ အတွင်းရေးမှူး ရဲမှူးမိုးစိန်၊ အဖွဲ့ဝင်(၂)ဦးတင်လှိုင်၊ အဖွဲ့ဝင်(၃) ဦးစောဝဏ္ဏ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီး ဌာနမှူး ဒေါ်နှင်းရည်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ် ရေးမှူးများ၊ ဒေသခံရေလုပ် သားများ စုစုပေါင်းအင်အား ၈၀ ဦးခန့် တက်ရောက်ကြခဲ့ကြပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများက တက်ရောက်လာသူများအား ပညာပေးလက်ကမ်းစာဆောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**DOF**



# ဇူလိုင် ဒုတိယ ၁၀ ရက်ပတ် မိုးလေဝသအခြေအနေ



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ အနောက် တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်ပါသည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၃ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၁ ပေခွဲမှ ၃ ပေခွဲခန့်နှင့် အောင်လံမြို့၊ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၄ ပေမှ၆ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီးမြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာ မြို့၊ သပိတ်ကျင်းမြို့၊မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၅ ပေမှ ၉ ပေခန့် လက်ရှိရေ မှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေမှ ၁ ပေခွဲခန့် လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် ၁၂ ပေမှ ၁၄ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်း လာနိုင်သည်။

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင်၂ ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၂ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ၁ ပေခန့်နှင့် ပဲခူးမြို့တွင် ၅ ပေခန့်၊သံလွင်မြစ်ရေသည် ဘားအံမြို့ တွင် ၂ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၅ ပေခန့်နှင့် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ၃ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၃ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၁ ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့နှင့် ရွှေစာရံမြို့တို့တွင် ၁ ပေမှ ၂ ပေခန့်နှင့် မြစ်ငယ်မြို့တွင် ၇ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဦးအောင်ဖုံထွေး(မြ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂




## တောင်ငူမြို့၌ စစ်တောင်းမြစ်အတွင်း ငါးမျိုးများစိုက်ထည့်ပေး

တောင်ငူ ဇူလိုင် ၁

ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ တောင်ငူမြို့နယ်အတွင်း ငါးသယံဇာတများရေရှည်တည်တံ့စေရေး၊ ငါးရိက္ခာများဖူးလုံစေရေးနှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးတို့အတွက် တောင်ငူခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ စစ်တောင်းမြစ်အတွင်းငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနားကို ဇွန် ၃၀ ရက်နေ့နံနက်ပိုင်းက စစ်တောင်းတံတားအနီး၌ကျင်းပသည်။

အဆိုပါငါးမျိုးစိုက်ထည့်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ခရိုင်ငါးမျိုးစိုက် ထည့်ခြင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးမြင့်ဦးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင် ရာတာဝန်ရှိသူများ၊ သနပ်ပင်ငါးလုပ်ငန်းစခန်းတာဝန်ခံဦးအောင်မျိုးဦးနှင့် ဝန်ထမ်းများ၊ ဒေသခံ ရေလုပ်သားများမှ စစ်တောင်းမြစ်အတွင်းသို့ရွှေဝါငါးကြင်း ၅၀၀၀၀၊ ငါးခုံးမကြီး ၁၀၀၀၀၀၊ ငါးမြစ်ချင်း ၁၀၀၀၀၀၊ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၂၅၀၀၀၀ တို့အားမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

DOF

# စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် ရွက်ဖျန်းမြေဩဇာသုတေသနပြုစမ်းသပ် သက်တမ်းရက် ၁၀၀ အောက် စပါးမျိုးများ နှိုင်းယှဉ်လေ့လာ

နေပြည်တော်၊ ဇူလိုင် ၁၀

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ဆောင်ရွက်လျက်ရှိသည့် ဘက်စုံသုံး ဟူးမစ်ရွက်ဖျန်း အပင်အားဆေးရည်များ၏ အကျိုးသက်ရောက်မှုကိုလေ့လာစမ်းသပ်ခြင်းသုတေသနနှင့် သီးထပ်စွမ်းအား တိုးတက်ရေး အတွက် သက်တမ်းရက် ၁၁၀ အောက် စပါးမျိုးများ မျိုးစပ်မွေးမြူရန် အတွက် မိဘမျိုးများ အဖြစ် အသုံးပြုရန် နှိုင်းယှဉ်လေ့လာခြင်း သုတေသနလုပ်ငန်းများကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



သုတေသနလုပ်ငန်းဆောင်ရွက်နေမှုများအား ကွင်းဆင်းစစ်ဆေးကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ဟူးမစ်အပင်အားဆေးကို အသုံးပြုခြင်းကြောင့် အပင်၏ ကြီးထွားမှုကို အထောက်အကူပြုစေပြီး အထွက်နှုန်းကို တိုးတက်စေကြောင်း၊ ဟူးမစ်အပင်အားဆေးကြောင့် အမြစ်များကိုကြီးထွားဖွံ့ဖြိုးစေသဖြင့်အပင်အာဟာရဓာတ်စုပ်ယူမှုကို အထောက်အကူဖြစ်စေပြီး မြေဩဇာကို အပင်မှ စုပ်ယူမှုကောင်းစေကြောင်း၊ ထိုသို့ အပင်ကြီးထွားမှုကို အထောက်အကူပြုသည့် ရွက်ဖျန်းအပင်အားဆေးကို အသုံးပြုခြင်းဖြင့် မူလမြေဆီလွှာအတွင်းရှိ အာဟာရဓာတ်များ စုပ်ယူမှု အပေါ် အကျိုးသက်ရောက်မှုကို သုတေသပြုလေ့လာသွားရန်နှင့် အပင်က စုပ်ယူသွားသည့် မြေတွင်း အာဟာရဓာတ်များ မျှတစွာ ပြန် လည် ဖြည့်တင်းပေးနိုင်ရေးကို ပါ စနစ်တကျ လေ့လာသွားကြရန် ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တစ်နှစ်ပတ်လုံး စိုက်ပျိုးမည့် သီးနှံပုံစံတွင် သက်တမ်းတို စပါးမျိုးများထည့်သွင်း စိုက်ပျိုးခြင်းဖြင့် သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး ရည်ရွယ်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်၌ စုဆောင်းထားရှိသည့် သက်တမ်း ၁၁၀ အောက် စပါးမျိုးများ၏ မျိုးတစ်မျိုးချင်းကို နှိုင်းယှဉ် လေ့လာခြင်း စမ်းသပ်ကွက်များနှင့်သုတေသနမှတ်တမ်းကောက်ယူရာတွင် ပိုမိုအဆင်ပြေလွယ်ကူစွာကောက်ယူနိုင်ရေး အတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပညာရှင်များ က QR code များပေး၍ မှတ်တမ်းထားကာ ဆန်းသစ်တီထွင် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုလေ့လာသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆန်စပါး၊ ဆီထွက်သီးနှံ၊ ဝါ၊ ပြောင်းနှင့် နှံစားသီးနှံ၊ ဟင်းသီးဟင်းရွက်သီးနှံ သုတေသနဌာနများမှ အပင်မျိုးမွေးမြူရေး ပညာရှင်များနှင့် တွေ့ဆုံ၍ အပင်မျိုးစပ်မွေးမြူခြင်းလုပ်ငန်းတွင် မိဘမျိုး ရွေးချယ်ရေးအောင်မြင်မှုအတွက်အဓိကကျသော မိဘမျိုးများ မွေးမြူထားရှိရေး၊ ဇီဝနည်းပညာဖြင့် မျိုးမွေးမြူရေး၊ မျိုးထွန်း နည်းဖြင့် မျိုးမွေးမြူရေးတို့ကို စဉ်ဆက်မပြတ် စီမံချက် စနစ်တကျ ချမှတ်၍ အကောင် အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ချက်များ၊ ပညာရှင်များအနေဖြင့် ဘာသာရပ်အလိုက် စဉ်ဆက်မပြတ် လေ့လာခြင်းနှင့် လိုအပ်ချက်များ အပေါ် အခြေခံကာ အကောင်းဆုံး သုတေသန ရလဒ်များ ရရှိအောင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်း ရရှိသည်။

# လပွတ္တာခရိုင် ငါးသယံဇာတ တိုးပွားစေရေး လူထုအသိပညာပေး ဗီနိုင်းစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေပေး

လပွတ္တာ ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ လပွတ္တာမြို့နယ်အတွင်း ငါးသယံဇာတတိုးပွားစေရေး လူထုအသိပညာပေး ဗီနိုင်းစိုက်ထူခြင်းနှင့် တားမြစ်ထားသော ငါးဖမ်း ကိရိယာ ငါးဖမ်းနည်းများဆိုင်ရာ သိမှတ်ဖွယ်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း အခမ်းအနား ကို ဇူလိုင် ၆ ရက် က လပွတ္တာမြို့ အမှတ်-၄ ရပ်ကွက် ရာပြည့်လမ်းရှိ ဦးဟိုက်ပင့် သင်္ဘောဆိပ် ကမ်း၌ နံနက်၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့အတွင်းရေးမှူး ဒုတိယရဲမှူးကြီးဟန်ဝင်းမောင်၊ အဖွဲ့ဝင်(၂) ဦးညွန့်ရွှေ ခရိုင်ငါးလုပ်ငန်းဦးစီး ဌာနမှူး ဒေါ်ဝါဝါသိန်း၊ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဗီနိုင်းပိုစတာအား အမွှေးနံ့သာပက်ဖျန်းကြသည်။ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ က ငါးသယံဇာတ တိုးပွားပြီး ရေရှည်စဉ်ဆက်မပြတ် ငါးစားသုံးနိုင်ရေး အတွက် ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်းနှင့် တရားမဝင်ငါးဖမ်းဆီးမှုမရှိစေရေး၊ ငါးသယံဇာတများကို ဝိုင်းဝန်းထိန်းသိမ်းကြစေရန် မှာကြားပြီးနောက် တက်ရောက်လာသူများစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ပြီး ပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေကြောင်း သိရသည်။

အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်ဌာန ဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ခရိုင်အမျိုး သမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံရေလုပ်သားများ စုစုပေါင်းအင်အား ၁၅၀ ဦးခန့် တက်ရောက်ခဲ့ ကြောင်း သိရှိရသည်။

DOF



# မြန်မာနိုင်ငံတမံကြီးများဆိုင်ရာအမျိုးသားကော်မတီ ပဋ္ဌမအကြိမ်အထွေထွေညီလာခံကျင်းပ

နေပြည်တော်၊ ဇူလိုင် ၇

မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ၏ ပဋ္ဌမအကြိမ် အထွေထွေ ညီလာခံကို ဇူလိုင် ၅ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်၊ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီနာယက အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင် ကော်မတီဝင်များ၊ အသင်းသားများ နှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။




အခမ်းအနားအစီအစဉ် ပထမပိုင်းတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် က အဖွင့်အမှာစကား ပြောကြားရာ၌ မိမိတို့နိုင်ငံတွင် ရေချိုအရင်းအမြစ်များ ပေါကြွယ်ဝသော်လည်း စိုက်ပျိုးရေလိုအပ်ချက်နှင့်လျှပ်စစ်ဓါတ်အားလိုအပ်ချက် မြင့်မားလာခြင်း တို့ကို စိန်ခေါ်မှုများအဖြစ် ကြုံတွေ့ရလျက်ရှိကြောင်း၊ ရာသီဥတု ပြောင်းလဲလာမှု ဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာပြီး မိုးခေါင်ခြင်း၊ မိုးနည်းခြင်း၊ လျှပ်တစ်ပြက်မိုးများခြင်း စသည့် အခြေအနေများသည် ရေလှောင်တမံကြီးများ၏လုံခြုံ စိတ်ချရမှုအပေါ် ခြိမ်းခြောက်မှုကဲ့သို့ရှုမြင်နိုင်ပါကြောင်း၊

လက်ရှိ ရာသီဥတုဖြစ်စဉ်များသည် ပိုမိုပြီးဆိုးရွားလာသည့် အနေအထားဖြစ်ပြီး ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များကြောင့် သဘာဝရေအရင်းအမြစ်များထိခိုက်ပျက်စီး လာလျက်ရှိရာ စိုက်ပျိုးရေးကဏ္ဍတွင်လည်း ရေရှားပါးမှုဒဏ်နှင့် ရေကြီးနစ်မြုပ်မှုဒဏ်များကို ခံစားခဲ့ရပြီး အထွက်နှုန်းလျော့နည်းခြင်း၊ သီးနှံပျက်စီး ဆုံးရှုံးခြင်းများ ဖြစ်ပေါ်မှုနှင့် အတူ စားနပ်ရိက္ခာဖူလုံမှု အပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊

သို့ဖြစ်၍ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ အနေဖြင့် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ ရေလှောင်တမံကြီးများ၏ ကြံ့ခိုင်မှု ရှိစေရေး၊ လုံခြုံစိတ်ချရမှု ရှိစေရေး နှင့် ရေရှည်အကျိုးပြုနိုင်ရေး အတွက် လိုအပ်သော Dam Safety လုပ်ငန်းများ အပြင် လက်ရှိနှင့် အနာဂတ်တွင် ကြုံတွေ့လာရမည့်စိန်ခေါ်မှုများ၊ ရာသီဥတု ပြောင်းလဲမှုကြောင့် ရေရှားပါးလာမှုကို တုံ့ပြန်ဖြေရှင်းနိုင်မည့် ရေရရှိရေးနည်းလမ်းများနှင့် ဆောင်ရွက် သင့်သည့် လုပ်ငန်းအစီအစဉ်များအပေါ်မှာလည်း ဆက်လက် အလေးထား ကူညီ ဆောင်ရွက်ပေးသွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အခမ်းအနားအစီအစဉ်ဒုတိယ ပိုင်းတွင်မြန်မာနိုင်ငံတမံကြီးများ ဆိုင်ရာအမျိုးသားကော်မတီ၏ အလုပ်အမှုဆောင်ကော်မတီဝင် အသစ်များ ကို ရွေးချယ်တင်မြှောက်ကြသည်။

အခမ်းအနား အစီအစဉ် တတိယ ပိုင်းတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၉)မှ ဦးစီးမှူး ဒေါ်ဇာနည်မော် က "Climate Change Adaptation on Dam Safety" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရေအားလျှပ်စစ်အကောင် အထည်ဖော်ရေးဦးစီးဌာန လက်ထောက်ညွှန်မှူး ဦးအေးချမ်းမြင့်သိန်း က "Managing the Utilization of Myitnge River Basin Focused" ခေါင်းစဉ်ဖြင့်လည်းကောင်း စာတမ်းများ ဖတ်ကြား တင်သွင်းခဲ့ကြပြီး မြန်မာနိုင်ငံတမံကြီးများဆိုင်ရာအမျိုးသား ကော်မတီ၏ အလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ အသစ် ဦးဗစ်တာကနူတ်ခွန်းဆက်စကားနှင့်ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းဆိုင်ရာများကို ပြောကြားသည်။

မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ၏ ၂ နှစ် တစ်ကြိမ်ကျင်းပသော အထွေထွေညီလာခံတွင် အလုပ်အမှုဆောင်ကော်မတီဝင်များ ရွေးချယ်တင်မြှောက်ခြင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ဆွေးနွေးခြင်းနှင့် နည်းပညာရပ်ဆိုင်ရာများ ဆွေးနွေးဖလှယ်ခြင်းတို့ကိုဆောင်ရွက်ခဲ့ကြရာ ယခုညီလာခံကို ပဋ္ဌမအကြိမ်ကျင်းပခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာအမျိုးသားကော်မတီအနေဖြင့် စတင် ဖွဲ့စည်းချိန်မှစတင်ပြီး ကော်မတီရည်ရွယ်ချက်များ ပြည့်ဝစွာအကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ ရေလှောင်တမံကြီးများ၏ စိုက်ပျိုးရေ ရရှိရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး စသည့်ကဏ္ဍများတွင် ရေရှည် လုံခြုံစိတ်ချရမှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်စေရန် တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

MOALI

---

စာ-၇ မှ

၂၀ ရာခိုင်နှုန်း) ခန့် အသီးသီးပိုများပါသည်။ အုပ်စု-၂ ရှိနွားများသည် အသားဓာတ်၊ အမျှင်ဓာတ်နှင့် ကစီဓာတ်စားနှုန်းပိုများသောကြောင့် တစ်ရက်ပျမ်းမျှစွမ်း အင်ဓာတ် ရရှိမှုတွင်လည်း အုပ်စု-၁ နွားများထက် ပိုများပါသည်။ အုပ်စု -၁ နှင့် အုပ်စု-၂ ရှိနွားများ၏တစ်ရက်ပျမ်းမျှ စွမ်းအင်ဓာတ်ရရှိမှုမှာ ၇ ဒသမ ၇၃ နှင့် ၉ ဒသမ ၅၄ မီဂါကယ်လိုရီ ဖြစ်ပါသည်။ ထို့ကြောင့် အုပ်စု -၂ ရှိနွားများသည် အုပ်စု-၁ ရှိနွားများထက် တစ်ရက်ပျမ်းမျှ စွမ်းအင်ဓာတ် ရရှိမှုတွင် ၁ ဒသမ ၈ မီဂါကယ်လိုရီ (၂၃ ဒသမ ၃၈ ရာခိုင်နှုန်း) ခန့် ပိုမိုရရှိပါသည်။ စွမ်းအင်ဓာတ်ပိုမို ရရှိသောကြောင့်တစ်ရက်ပျမ်းမျှအသားတိုးနှုန်းတွင်လည်း အုပ်စု-၂ ရှိနွားများသည် အုပ်စု -၁ ရှိ နွားများထက် ပိုများပါသည်။ အုပ်စု-၁ နှင့် အုပ်စု-၂ ရှိနွားများ၏ တစ်ရက်ပျမ်းမျှ အသားတိုး နှုန်းမှာ သုညဒသမ ၄၅ နှင့် သုညဒသမ ၅၄ ကီလိုဂရမ်ဖြစ်ပြီး အုပ်စု-၂ ရှိနွားများသည် အုပ်စု-၁ ရှိနွားများထက်တစ်ရက်ပျမ်းမျှအသားတိုးနှုန်း သုညဒသမ ၀၉ ကီလိုဂရမ် (၁၈ ဒသမ ၈၉ ရာခိုင်နှုန်း) ခန့်ပိုများပါသည်။

ထို့ကြောင့် နာနတ်သီးခွံချဉ်ဖတ်ကို အစာကြမ်းအနေဖြင့် နေပီယာမြက်ချဉ်ဖတ်နေရာတွင် အစားထိုးအသုံးပြုနိုင်ပြီး မြန်မာဒေသနွားများ၏အစာထဲတွင် ၂၅ ရာခိုင်နှုန်း ထည့်ကျွေးခြင်းအားဖြင့် နွားများ၏ အစာစားနှုန်း၊ စွမ်းအင်ဓာတ်ရရှိမှုနှင့် အသားတိုးနှုန်း တို့ကို ပိုမိုကောင်းမွန်စေပါသည်။ ထို့ကြောင့် သစ်သီးဝလံများအား စားသောက်ကုန်အဖြစ် ပြုပြင်ထုတ်လုပ်သည့်စက်ရုံများမှ စွန့်ပစ်ပစ္စည်းများကို ပတ်ဝန်းကျင်ညစ်ညမ်းမှုလည်း မဖြစ်အောင် တိရစ္ဆာန်အစာအဖြစ် အကျိုးရှိစွာ အသုံးစွာအသုံးချနိုင်ကြောင်းသုတေသန တွေ့ရှိချက်များအား အခြေခံပြီး တိုက်တွန်းလိုက်ရပါသည်။

ဒေါက်တာယဉ်ယဉ်ကျော့(မွေး/ဆေး)

Agribiz News သတင်း www.agribiznews.com.mm
မှ
ePaper များကို
ရယူလိုက်ပါ
www.agribiznews.com.mm

# စားနပ်ရိက္ခာဖူလုံရေး ဂျပန်အစိုးရနှင့် ကုန်သွယ်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

ဂျပန်အစိုးရအနေဖြင့် ဂျပန်နိုင်ငံရှိ ပို့ကုန်သွင်းကုန်ကုမ္ပဏီကြီးများအား တွေ့ဆုံ၍ စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ မဟာဗျူဟာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်းသိရသည်။

အဆိုပါ သတင်းတွင် ကမ္ဘာလုံးဆိုင်ရာ ပြိုင်ဆိုင်မှုများ ပြင်းထန်လာပြီး စားနပ်ရိက္ခာဖူလုံ ရေးအတွက် စိန်ခေါ်မှုများ ပိုမိုဖြစ်ပေါ်စေလျက် ရှိခြင်းကြောင့် ဂျပန်အစိုးရအနေဖြင့် ယခုကဲ့သို့ ဆွေး နွေးမှုများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

စိုက်ပျိုးရေးဝန်ကြီး Mr. Sakamoto Tetsushi က ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံအတွက် လိုအပ်သည့် စားနပ်ရိက္ခာများကို ဈေးနှုန်းသက်သာစွာဖြင့် လိုအပ်သလောက် တင်သွင်းနိုင်တော့မည် မဟုတ်ကြောင်း၊ ကောက်ပဲသီးနှံတင်သွင်းနိုင်မှုအခြေအနေမှာ များစွာ ပြောင်းလဲလျက်ရှိကြောင်း၊ ထို့ကြောင့် ဂျပန်နိုင်ငံသို့ တင်ပို့မည့် ကောက်ပဲသီးနှံများကို သိုလှောင်ထိန်းသိမ်းရန်နှင့် တင်ပို့ရန် အတွက် လိုအပ်သည့် အခြေခံအဆောက်အဦများကို တင်ပို့မည့်နိုင်ငံများတွင် တည်ဆောက်နိုင်ရေး ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း ဂျပန်စိုက်ပျိုးရေးဝန်ကြီး က ကတိပြု ပြောကြားခဲ့ကြောင်း ဖော်ပြထား သည်။

ပို့ကုန်သွင်းကုန်ကုမ္ပဏီကြီးများအနေဖြင့် ဂျပန်နိုင်ငံသို့ ကုန်စည်တင်ပို့မည့်နိုင်ငံများတွင် ရထားလမ်းနှင့်ဆိပ်ကမ်းကဲ့သို့သော အခြေခံအဆောက်အဦများ တည်ဆောက်နိုင်ရေးအတွက် တရားဝင်ဖွံ့ဖြိုးမှု အကူအညီ (Official Development Assistance)များပေးအပ်နိုင်ရေးအတွက်လည်း တောင်းဆိုခဲ့ကြကြောင်း၊ ထို့အတူ ဂျပန်နိုင်ငံတွင် လက်ရှိကျင့်သုံးလျက်ရှိသည့် ပို့ကုန်ဆိုင်ရာ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ ပိုမိုရှင်းလင်းလွယ်ကူလာစေရေးနှင့် ကောင်းမွန်လာစေရေးတို့အပြင် အဆိုပါလုပ်ငန်းစဉ်များကိုလည်း ဂျပန်နိုင်ငံသို့ ပို့ကုန်တင်ပို့လျက်ရှိသည့် နိုင်ငံများသို့ ဖြန့်ဝေပေးရန် တိုက်တွန်းခဲ့ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံအတွက် လိုအပ်သည့် ဂျုံ၊ ပဲပိစပ်၊ အခြားသော ကောက်ပဲသီးနှံများနှင့် ဓာတ်မြေဩဇာများကို ပြည်ပမှ အဓိကတင်သွင်းသုံးစွဲလျက်ရှိကြောင်း၊ သို့သော် ကမ္ဘာ့လူဦးရေ တိုးပွားလာမှု၊ တရုတ်နှင့်အခြားသော ကမ္ဘာ့နိုင်ငံများ၏ ဝယ်လိုအား မြင့်မားလာမှုတို့ကြောင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားမှုများ ကြုံတွေ့ရလျက်ရှိကြောင်း ဖော်ပြပါရှိသည်။



ဂျပန်နိုင်ငံတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ နိုင်ငံ့စုစုပေါင်းဧရိယာ၏ ၁၁ ဒသမ ၅ ရာခိုင် နှုန်းသာရှိပြီး ၄ ဒသမ ၃၃ သန်းဟက်တာဖြစ်သည်။ ဂျပန်နိုင်ငံတွင်နိုင်ငံ့လူဦးရေအတွက် လုံလောက်စွာ စိုက်ပျိုးထုတ်လုပ်နိုင်မှုမရှိဘဲ စားနပ်ရိက္ခာအတွက် ပြည်ပနိုင်ငံများမှ အဓိကတင်သွင်းရလျက်ရှိသည်။ ဂျပန်နိုင်ငံ၏ ပြည် တွင်းစားနပ်ရိက္ခာဖူလုံမှုနှုန်းမှာ ၃၈ ရာခိုင်နှုန်းရှိပြီး G-7 အဖွဲ့ဝင်နိုင်ငံများအကြား တွင် အနိမ့်ဆုံးနှုန်း ဖြစ်ပါသည်။ဂျပန်အစိုးရအနေဖြင့် စားနပ်ရိက္ခာဖူလုံမှုအချိုး(Self-Sufficiency Ratio) ကို ၂၀၃၀ ပြည့်နှစ်တွင် ၄၅ ရာခိုင်နှုန်းအထိ ရောက်ရှိစေရေး မျှော်မှန်းဆောင်ရွက်လျက် ရှိပြီး၊ နိုင်ငံ့စားနပ်ရိက္ခာဖူလုံစေရေးအား အရေးပေါ်လုပ်ငန်းစဉ်တစ်ရပ်အဖြစ်အလေးထားဆောင်ရွက်လျက် ရှိသည်။

သူဇာဖြိုး

The NHK World Japan

# အိန္ဒိယ ခါရစ်ရာသီအတွက် သီးနှံ ၁၄ မျိုး၏ အနိမ့်ဆုံး ထောက်ပံ့ဈေးနှုန်းများကို မြှင့်တင်ရန်ဆုံးဖြတ်

အိန္ဒိယနိုင်ငံတွင် လာမည့် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ခါရစ် (မိုး) ရာသီအတွက် စပါး၏ အနိမ့်ဆုံး ထောက်ပံ့ဈေးနှုန်း (Minimum support price-MSP) ကို ၁ ကွင်တယ် (၁၀၀ ကီလို ဂရမ်) လျှင် ရူပီး ၂၃၀၀ (၅.၃၅%) သို့ တိုးမြှင့်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူခဲ့ကြောင်း သိရသည်။ အဆိုပါဆုံးဖြတ်ချက်ကို Haryana၊ Maharashtra၊ Jharkhand နှင့် Delhi တို့၌ လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲများမစတင်မီ ယခု ကဲ့သို့ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း The Hindu သတင်းဌာန က ယခုလ ၁၉ ရက်နေ့က ဖော်ပြသည်။

ဝန်ကြီးချုပ် နာရန်ဒြာမိုဒီ၏ တတိယကြိမ် အစိုးရသက်တမ်းတွင် အဓိကချမှတ်ခဲ့သည့် ပထမ ဦးဆုံးဆုံးဖြတ်ချက်မှာ ခါရစ်ရာသီ သီးနှံ (၁၄) မျိုး၏ MSP ကို အစိုးရ၏ ရှင်းလင်းသောမူဝါဒ (clear policy) နှင့်အညီ အစိုးရမှ တွက်ချက်ထားသော ထုတ်လုပ်မှုစရိတ်ထက် အနည်းဆုံး ၁ ဒသမ ၅ ဆ သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူ လ က် ခံ ခဲ့ ခြ င်း ဖြ စ် ကြော င်း သတင်းအချက်အလက်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး Ashwini Vaishnaw က ပြောကြားခဲ့သည်။



သို့သော် အဆိုပါ သီးနှံ ၁၄ မျိုးအနက် သီးနှံ ၄ မျိုး၏ MSP ကိုသာ ထုတ်လုပ်မှုကုန်ကျစရိတ်၏ ၅၀ ရာခိုင်နှုန်းအထက် သတ်မှတ်ပေးခဲ့ကြောင်း၊ ၎င်းတို့မှာ ဘဂျရာ ၇၇ ရာခိုင်နှုန်း၊ ပဲစင်းငုံ ၅၉ ရာခိုင်နှုန်း၊ ပြောင်း ၅၄ ရာခိုင်နှုန်း၊ နှင့် မတ်ပဲ ၅၂ ရာခိုင်နှုန်း၊ တို့ဖြစ်ကြောင်း သိရသည်။

သီးနှံရာသီ၏ အဓိကသီးနှံတစ်ခုဖြစ်သော စပါး၏ MSP ကို ၁ ကွင်တယ်လျှင် ရူပီး ၁၁၇ သို့ တိုးမြှင့်ပေးလိုက်ခြင်းကြောင့် လယ်သမားများအား အကျိုးအမြတ် ၅၀ ရာခိုင်နှုန်း ခံစားနိုင်စေမည် ဖြစ်သည်။ အစိုးရအနေဖြင့် အရန်ဆန်ဝယ်ယူစုဆောင်းမှုမှာ လိုအပ်သည်ထက် ၄ ဆ ပိုမိုလျက်ရှိ သော်လည်း အဓိကပြည်နယ်များ၌ လွှတ်တော်ရွေးကောက်ပွဲများမစတင်မီ ယခုကဲ့သို့ဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။ ခါရစ်ရာသီတွင် ဇွန်လ၌ စိုက်ပျိုးမှုများ စတင်ဆောင်ရွက်လေ့ရှိပြီး၊ သီးနှံအရောင်းအဝယ်ကိစ္စများကို ယခုနှစ် အောက်တိုဘာလမှ လာမည့်နှစ် စက်တင်ဘာလအတွင်း ဆောင်ရွက်သွားမည်ဟု သိရသည်။

စပါး၏ MSP ကို ရူပီး ၁၁၇ တိုးမြှင့်လိုက်သည့်အတွက် ၁ ကွင်တယ်လျှင် ရူပီး ၂၃၀၀ ဖြစ်ကာ A အဆင့်စပါး၏ MSP မှာ ၁ ကွင်တယ်လျှင် ရူပီး ၂၃၂၀ ဖြစ်ကြောင်း၊ နှံစားသီးနှံတစ်မျိုးဖြစ်သောsorghum (jowar) မျိုးစပ်၏ MSP မှာ ရူပီး ၁၉၁ တိုးမြှင့်ကာ ၁ ကွင်တယ်လျှင် ရူပီး ၃၃၇၁ သို့ လည်းကောင်း၊ အရည်အသွေးကောင်းသော Maldandi သီးနှံ၏ MSP မှာ ရူပီး ၁၉၆ တိုးမြှင့်ကာ ၁ ကွင်တယ်လျှင် ရူပီး ၃၄၂၁ ဖြစ်ကြောင်း၊ ပုလဲနှံစားသီးနှံ (pearl millet/bajra) သည် ရူပီး ၁၅၂ တိုးမြှင့်ကာ ၁ ကွင်တယ်လျှင် ရူပီး ၂၆၂၅ ဖြစ် ကြောင်း၊ finger millet (ragi) သည် ရူပီး ၄၄၄ တိုးမြှင့်ကာ ၁ ကွင်တယ်လျှင် ရူပီး ၄၂၉၀ ဖြစ်ကြောင်းနှင့် ပြောင်းသည် ရူပီး ၁၃၅ တိုးမြှင့်ကာ ၁ ကွင်တယ်လျှင် ရူပီး ၂၂၂၅ ဖြစ်ကြောင်း သိရသည်။

အိန္ဒိယအစိုးရအနေဖြင့် ပြည်ပမှ ပဲမျိုးစုံတင်သွင်းမှုကို လျှော့ချရန် ပဲစင်းငုံ ၏ MSP ကို ၁ ကွင်တယ်လျှင် ရူပီး ၇၅၅၀ သို့လည်းကောင်း၊ ပဲတီစိမ်း ၏ MSP ကို ရူပီး ၁၂၄ တိုးမြှင့်ခဲ့ပြီး ၁ ကွင်တယ်လျှင် ရူပီး ၈၆၈၂ သို့လည်းကောင်း၊ မတ်ပဲကို ရူပီး ၄၅၀ တိုးမြှင့်ခဲ့ပြီး ၁ ကွင်တယ်လျှင် ရူပီး ၇၄၀၀ သို့လည်းကောင်း

စာ-၇ သို့

ဒေါက်တာယဉ်ယဉ်ကျော့ (မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်)

# နာနတ်သီးခွံကို တိရစ္ဆာန်စာအဖြစ် အသုံးပြုခြင်းဖြင့်

## လူနှင့်ပတ်ဝန်းကျင်ကို အကျိုးပြု

အစာကြမ်း (roughage) သည် ကျွဲ၊ နွား၊ သိုးနှင့် ဆိတ် စသည့် စားမြုံ့ပြန် သတ္တဝါများအတွက် စားမြုံ့ပြန်ခြင်းနှင့် အစာအိမ် ၏ပုံမှန်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အရေးကြီးပါသည်။ ကောက်ရိုး၊ ပြောင်းရိုးနှင့် မြက် စသည်တို့သည် အဓိကအစာကြမ်းများဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့သော အပူပိုင်းဒေသနိုင်ငံများတွင် အပူချိန်မြင့်မားသောကြောင့် အရည်အသွေးကောင်းမွန်သော အစာကြမ်းများရရှိနိုင်မှုတွင် ကန့်သတ်ချက်များ ရှိနေပါသည်။ ထို့ကြောင့် အရည်အသွေးကောင်းမွန်သော အစာကြမ်း အဖြစ်အသုံးပြု၍ရနိုင်မည့် ပုံမှန်နွားစာအဖြစ်သုံးနေကျမဟုတ်သည့် အခြားအစာ အရင်းအမြစ်များကို ရှာဖွေအသုံးပြုရန်လိုအပ်ပါသည်။ ယင်းတို့အနက် အစားအစာပြုပြင် ထုတ်လုပ်သော စက်ရုံများမှ ထွက်လာသည့် စွန့်ပစ်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ် ပြုပြင်ပြောင်းလဲပြီး အသုံးပြုခြင်းသည် စိတ်ဝင်စားဖွယ်ရာ နည်းလမ်းတစ်ခုဖြစ်ပါသည်။

သစ်သီးဝလံများအား စားသောက်ကုန်အဖြစ်ပြုပြင်ထုတ်လုပ်သည့် စက်ရုံများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအနက် နာနတ်သီးခွံ၊ လိမ္မော်သီးခွံ၊ သရက်သီးခွံနှင့် ငှက်ပျောသီးခွံတို့သည်အဓိက ဖြစ်သည်။ ယင်းတို့အနက် ကျွန်ုပ်တို့ နှစ်နှစ်ခြိုက်ခြိုက် စားသုံးနေကြသည့် နာနတ်သီးမှ ထွက်ရှိလာသည့် နာနတ်သီးခွံစွန့်ပစ်ပစ္စည်းများ (Pineapple peel by-products) သည် ချေဖျက်ရ လွယ်ကူသည့် အမျှင်ဓာတ်၊ စွမ်းအင်ဓာတ်၊ ဗီတာမင်-B, C နှင့် သတ္တုဓာတ်များ အလွန် ကြွယ်ဝပါသည်။ နာနတ်သီးခွံတွင် အခြောက်ဓာတ် ၁၂-၁၈ ရာခိုင်နှုန်း၊ အသားဓာတ် ၅-၉ ရာခိုင်နှုန်း၊ အမျှင်ဓာတ် ၄၂ ရာခိုင်နှုန်း၊ အဆီဓာတ် ၃ ရာခိုင်နှုန်း၊ ကစီဓာတ် ၅၀-၈၀ ရာခိုင်နှုန်းနှင့် စွမ်းအင်ဓာတ် (၄၄၈၁ Kcal) တို့ ပါဝင်ပါသည်။

သို့သော် နာနတ်ခွံစွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်သို့ စွန့်ပစ်သည့်အခါ ယင်းတို့သည် အစိုဓာတ်များပြီး သကြားဓာတ်ပါဝင်မှုလည်းများသောကြောင့် ပုပ်သိုးလွယ်ပြီး မှိုပေါက်ပွားမှုများခြင်းကြောင့်ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်စေပါသည်။ ထိုစွန့်ပစ်ပစ္စည်းများကို စက်ရုံမှထွက်လာသည့်ပုံစံအတိုင်း တိရစ္ဆာန်များကို တိုက်ရိုက်ကျွေး၍ ရသော်လည်း ထွက်လာသည့်စွန့်ပစ်ပစ္စည်း အားလုံးကို တစ်ရက်တည်းကုန်အောင်မကျွေးနိုင်လျှင် နောက်ရက်များတွင် ပုပ်သိုးပျက်စီးသွားပြီး တိရစ္ဆာန်အစာအဖြစ် အသုံးပြု၍မကောင်းသလိုပတ်ဝန်းကျင်ကိုလည်း ညစ်ညမ်း စေပါသည်။

ထို့ကြောင့် နာနတ်သီးခွံစွန့်ပစ်ပစ္စည်းများကို အာဟာရတန်ဖိုးများ မပြောင်းလဲဘဲ အချိန် ကြာရှည်စွာ သိုလှောင်ထားနိုင်ရန် အတွက် ချဉ်ဖတ် (silage) ပြုလုပ်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ စာရေးသူတို့အဖွဲ့သည် သစ်သီး ဝလံများအား စားသောက်ကုန် အဖြစ် ပြုပြင်ထုတ်လုပ်သည့်စက်ရုံမှ ပမာဏများစွာ ထွက်ရှိလာသည့် နာနတ်သီးခွံများကို ချဉ်ဖတ်ပြုလုပ်ပြီး မြန်မာပြာစိမ်း နွားများအား အစာကြမ်းနေရာတွင် အစားထိုး ကျွေးလျက်ရှိရာ နာနတ်သီးအနံ့ကြောင့် နွားများ အစာစားချင်စိတ်ကို လှုံ့ဆော်သည့်အတွက် အစာစားနှုန်းတက်ခြင်း၊ ကိုယ်အလေးချိန်တိုးခြင်း ကျန်းမာခြင်း စသည့် အကျိုးကျေးဇူးများကို တွေ့ရှိရပါသည်။

ထို့ကြောင့် သစ်သီးဝလံများအား စားသောက်ကုန် အဖြစ် ပြုပြင် ထုတ်လုပ်သည့် စက်ရုံများမှ စွန့်ပစ်ပစ္စည်းများကို တိရစ္ဆာန် အစာအဖြစ် အသုံးပြုခြင်းသည် တိရစ္ဆာန်များ အတွက် အရည်အသွေး ကောင်းမွန်သည့် အစာကြမ်းများ မလုံလောက်သည့်အချိန်တွင် အစားထိုးအစာ အဖြစ်အသုံးပြုနိုင်ခြင်းနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျှော့ချနိုင်ခြင်း စသည့် ကောင်းကျိုးများစွာ ရရှိပါသည်။




သုတေသနတွေ့ရှိချက်များအရ တစ်ရက်ပျမ်းမျှစုစုပေါင်းအစာ (အခြောက်ဓာတ်) စားနှုန်းသည် မြက်ချဉ်ဖတ်သီးသန့်ကျွေးသော အုပ်စု (အုပ်စု-၁) တွင် ၆ ဒသမ ၄၇ ကီလို ဂရမ်ရှိပြီး နာနတ်သီးခွံချဉ်ဖတ်ထည့်ကျွေးသောအုပ်စု (အုပ်စု-၂) တွင် ၇ ဒသမ ၇၀ ကီလိုဂရမ်ရှိပါသည်။ ထို့ ကြောင့် အုပ်စု-၂ ရှိနွားများ ၏ တစ်ရက်ပျမ်းမျှစုစုပေါင်း အစာစားနှုန်းသည် အုပ်စု-၁ ရှိနွားများ၏အစာစားနှုန်းထက် တစ်ရက်လျှင် ၁ ဒသမ ၂၃ ကီလို ဂရမ်ခန့်ပိုများပြီး ရာခိုင်နှုန်း အားဖြင့် ၁၉ ဒသမ ၀၁ ရာခိုင်နှုန်းပိုများပါသည်။ ထို့အပြင် အုပ်စု-၁ နှင့် အုပ်စု-၂ ရှိနွားများ၏တစ်ရက်ပျမ်းမျှ အသားဓာတ်၊ အမျှင်ဓာတ်နှင့် ကစီဓာတ်စားနှုန်း တို့မှာ သုည ဒသမ ၆၂ နှင့် သုည ဒသမ ၇၃ ကီလိုဂရမ်၊ ၃ ဒသမ ၈၉ နှင့် ၄ ဒသမ ၅၇ ကီလိုဂရမ်နှင့် ၁ ဒသမ ၂၃ နှင့် ၁ ဒသမ ၅၇ ကီလိုဂရမ် အသီးသီးရှိပါသည်။ ထို့ကြောင့် အုပ်စု-၂ ရှိနွားများ၏ တစ်ရက် ပျမ်းမျှ အသားဓာတ်၊ အမျှင်ဓာတ်နှင့် ကစီဓာတ်စားနှုန်းတို့သည် အုပ်စု-၁ ရှိနွားများထက် သုည ဒသမ ၁၁ ကီလိုဂရမ် (၁၇ ဒသမ ၆၇ ရာခိုင်နှုန်း)၊ သုညဒသမ ၆၈ ကီလိုဂရမ် (၁၇ ဒသမ ၄၃ ရာခိုင်နှုန်း) နှင့် သုညဒသမ ၃၄ ကီလိုဂရမ် (၂၇ဒသမ

စာ-၅ သို့


သုတေသနပြုလုပ်သောနွား နာနတ်သီးခွံချဉ်ဖတ်စားနေပုံ

စာ-၆ မှ

အသီးသီးမြှင့်တင်ပေးခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံကဏ္ဍတွင် မြေပဲ၏ MSP ကို ရူပီး ၄၀၆ တိုးမြှင့်ခဲ့ပြီး တိုးမြှင့်ခဲ့ပြီး ၁ ကွင်တယ်လျှင် ရူပီး ၆၇၈၃ သို့လည်းကောင်း၊ နေကြာစေ့ကို ရူပီး ၅၂၀ တိုးမြှင့်သတ်မှတ်ကာ ၁ ကွင်တယ်လျှင် ရူပီး ၇၂၈၀ သို့လည်းကောင်း၊ ပဲပိစပ် (အဝါ) ကို ရူပီး ၂၉၂ မြှင့်တင်ကာ ၁ ကွင်တယ်လျှင် ရူပီး ၄၈၉၂ သို့လည်းကောင်း၊ နှမ်း ၁ ကွင်တယ်လျှင် ရူပီး ၉၂၆၇ နှင့် ပန်းနှမ်း (nigerseed) ကို ၁ ကွင်တယ်လျှင် ရူပီး ၈၇၁၇ သို့လည်းကောင်း အသီးသီးတိုးမြှင့်ခဲ့သည်။ ဝါချည် (အလယ်အလတ်) ၏ MSP ကို ၁ ကွင်တယ်လျှင် ရူပီး ၇၁၂၁ သို့လည်းကောင်း၊ ဝါချည် (အရှည်) ၏ MSP ကို ၁ ကွင်တယ်လျှင် ရူပီး ၇၅၂၁ သို့လည်းကောင်း အသီးသီး တိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ကောင်းထွဋ်အောင်**

The Hindu, Cabinet approves MSP hikes for all 14 kharif season crops for the upcoming 2024-25 season, June 19, 2024



# အင်းလုပ်ငန်းရေရှည်တည်တံ့ရေးနှင့် အင်းငါးထုတ်လုပ်မှုတိုးတက်ရေး

**ကိုရွှေမန်း(မန္တလေး)**

လယ်ယာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးကွင်းဆက်တစ်လျှောက်ရှိ သက်ဆိုင်သူများအားလုံး ကြုံတွေ့နေရသည့် အခက်အခဲများကို ဝိုင်းဝန်းဆွေးနွေးအဖြေရှာရန် ရည်ရွယ်လျက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ တက္ကသိုလ်များနှင့်ပူးပေါင်း၍ လယ်ယာ ကဏ္ဍဆိုင်ရာဆွေးနွေးအဖြေရှာ ဗုဒ္ဓဟူးနေ့ စကားဝိုင်းအဖြစ် ၂၀၂၃ ခုနှစ် စက်တင်ဘာမှစတင်၍ လစဉ် ကျင်းပပြုလုပ်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဧပြီ ၃ ရက်နေ့တွင် ၃၂ ကြိမ်မြောက် ဆွေးနွေးပွဲတွင် အင်းလုပ်ငန်းရေရှည်တည်တံ့ရေးနှင့် အင်းငါး ထုတ်လုပ်မှုတိုးတက်ရေးကို ဆွေးနွေးခဲ့ကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး ဦးဆောင် တက်ရောက် ခဲ့သည်။

## အခွန်တော်ဝင်ငွေတွင် အရေးပါသည့် အင်းခွန်

မြန်မာနိုင်ငံတွင် ပြည်ထောင်စုစာရင်းဝင် ဂရန်အင်းပေါင်း ၃၇၃၀ ရှိပြီး ယခင်နှစ် စာရင်းအရ အင်းခွန်ဝင်ငွေ ၁၁ ဒသမ ၂၇ ဘီလီယံကျော်ရှိကြောင်း၊ ငါးသယံဇာတများ မျိုးပြုန်းမှု မရှိစေရေး၊ ရေချိုငါး လုပ်ငန်းရေပြင်များမပျောက်ပျက်စေရေးတို့အတွက်စားသုံးသူများ၊ဖမ်းဆီးထုတ်လုပ်သူများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကျင့်သုံးလိုက်နာသွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ရေချို ငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်ဒုတိယဝန်ကြီးမှ ဆွေးနွေးမှာကြားခဲ့ သည်။ အဆိုပါ အင်းခွန်ငွေပမာဏကို ထောက်ရှု၍ ပြည်နယ်/တိုင်း ဒေသကြီးအသီးသီးတို့၏ အခွန်တော်ဝင်ငွေရရှိမှုတွင်အင်းအိုင်များ၏အရေးပါမှုကိုသိရှိပြီး အင်းအိုင်များ ရေချိုငါးလုပ်ငန်းရေပြင်များကို မြန်မာနိုင်ငံသားတိုင်းက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ ထိန်းသိမ်းကာကွယ်ရမည် ဖြစ်ပေသည်။

## မိတ်ဖက်ဦးစီးဌာနများပူးပေါင်း

စကားဝိုင်းဆွေးနွေးပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနများမှ ပညာရှင်များက အင်းလုပ်ငန်း ရေရှည်တည်တံ့ရေး၊ အင်းငါးထုတ်လုပ်မှုတိုးတက်ရေးတို့အတွက် ဆွေးနွေးခဲ့ကြပြီး ဌာနအကြီးအကဲများ၊ တိုင်းဒေသကြီး ပြည်နယ်ဦးစီးမှူးများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဤသို့ ဆောင်ရွက်ချက်သည် ငါးသယံဇာတရေရှည်တည်တံ့စေရန်နှင့် တရားမဝင်ငါးဖမ်းဆီးခြင်းများ လျော့နည်းပပျောက်စေရန်အတွက် မိတ်ဖက်ဦးစီးဌာနများပူးပေါင်းဆောင်ရွက်ချက်တစ်ရပ်လည်း ဖြစ်ပေသည်။

## အင်းနယ်နိမိတ်များ တိုင်းတာဖော်ထုတ်ရေး

အင်းလုပ်ငန်းရေရှည်တည်တံ့ရေးအတွက် အင်းနယ်နိမိတ်တိုင်းတာဖော်ထုတ်ရေးသည် အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ အင်းမြေပုံများသည် ဗြိတိသျှခေတ်မှ ရေးဆွဲထားခဲ့သော မြေပုံများဖြစ်ရာ၊ နှစ်ကာလကြာမြင့်လာခဲ့ပြီဖြစ်သည့်အတွက် ရေစီးရေလာ ပြောင်းလဲမှုများ၊ မြစ်ချောင်း အင်းအိုင်များ တိမ်ကောခြင်းများ၊ နုံးသဲအနည်အနှစ်များပို့ချခြင်းများ၊ ရာသီဥတုပြောင်းလဲမှုများ၊ ဖွံ့ဖြိုး ရေးလုပ်ငန်းများ၊ စိုက်ပျိုးမြေချဲ့ထွင်မှုများ၊ လူနေအိမ်ခြေများချဲ့ထွင်ခြင်းများ၊ လမ်းတံတားနှင့် ဆည်မြောင်းများတည်ဆောက်ခြင်းများစသည်များကြောင့် လျော့နည်းခြင်း၊ ပြောင်းလဲခြင်း၊ ပျောက်ကွယ်ခြင်းများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရသဖြင့် အင်းနယ်နိမိတ်များပြောင်းလဲသွားမည်ဖြစ်သည့်အတွက်၊အသစ်ပြန်လည် တိုင်းတာသတ်မှတ်ရန် လိုအပ်လျက်ရှိသည်။ ၂၀၂၀-၂၀၂၁ခုနှစ်တွင် အသစ်ပြန်လည် ရေးဆွဲနိုင်ခဲ့သော အင်းအရေအတွက်မှာ ၂၆၇ အင်းဖြစ်ပြီး ဧကအားဖြင့် ၁၉၉၀၀ ဧကရှိကြောင်း တွေ့ရှိပြီး၊ အင်းလုံးရေ ၃၀၇၀ ပြည့်မီရေးအတွက် ဆက်လက်ဆောင်ရွက်ရန်လိုအပ်နေသေးကြောင်း တွေ့ရသည်။ အင်းနယ်နိမိတ်များ တိုင်းတာရေးအတွက် မြေစာရင်းလက်စွဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။ အင်းနယ်နိမိတ် မြေပုံများရေးဆွဲနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ များထံမှ လိုအပ်သောခွင့်ပြုရန်ပုံငွေများ ရေးဆွဲတောင်းခံနိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနများနှင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနများ ပေါင်းစပ်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။



မြင်ဝန်းဆည်တွင် ရေကြည်မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ကွင်းဆင်းစစ်ဆေး

## ငါးရစ်ပွဲ၊ဆင်နွဲပျော်သည့် ယာယီရေပြင်

အင်းနယ်နိမိတ်နှင့်ဆက်စပ်လျက်ရှိသော ယာယီရေလွှမ်းမိုးသော ငါးလုပ်ငန်းရေပြင်များသည် မြေဆီမြေသြဇာပြည့်ဝသော စိုက်ပျိုးမြေများဖြစ်ပြီး၊ သီးနှံပင်အကြွင်းအကျန်များသည် မြစ်ရေ အင်းရေ လွှမ်းမိုးသောကာလများတွင်ငါးများအတွက် သဘာဝအစာအစာအဖြစ် ငါးစားကျက် ရေပြင်များဖြစ်ပြောင်းလဲကာ ငါးမျိုးစိတ်များစွာအတွက် အစာကွင်းဆက်နေရာများ၊ ငါးများမိတ်လိုက် ဥချသားပေါက်ရာနေရာများ အဖြစ်အရေးပါသည့် ဇရိယာများဖြစ်ကြသည်။ သို့ဖြစ်ရာ ယာယီ ရေလွှမ်းမိုးသော စိုက်ပျိုးမြေများ ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းကြရမည်ဖြစ်ပြီး၊ သီးနှံ ထုတ် လုပ်ရေးအတွက်လည်းကောင်း၊ အင်းလုပ်ငန်း ရေရှည်တည်တံ့ရေးကိုလည်းကောင်း၊အင်းငါးတိုးတက် ထုတ်လုပ်ရေးကိုလည်းကောင်း၊ အပြန်အလှန် အထောက်အကူပြုမည်ဖြစ်သည်။ ရေချိုငါးမျိုးစိတ်များ စွာသည် မိတ်လိုက်ဥချနိုင်ရေးအတွက် မိုးရာသီ ယာယီရေဝင်ရောက်လွှမ်းမိုးသည့် ရေဝပ်ဇရိယာများ လိုအပ်ပါသည်။ ရေချိုငါးမျိုးစိတ်များ မိတ်လိုက်ဥချသားပေါက်နိုင်ရေးအတွက် မိုးတွင်းကာလ ယာယီရေလွှမ်းမိုးသောဇရိယာများ မရှိမဖြစ်လိုအပ်ကြောင်းကို "စီးအောက်၊ ဝဲပြန်၊ သဲခံ၊ နေလောင်၊ ပြန်သောင်၊ ရေကျော်၊ စုံခွဲသော်က တူပျော်ရွှင်နွှဲ ငါးရစ်ပွဲ" ဟု ဆရာဦးဘသော်က သူ၏ အင်းအိုင် ရေချို ငါးဖမ်းလုပ်ငန်းစာအုပ်တွင်အတိအလင်းဖွင့် ဆိုထားကြောင်းတွေ့ရသည်။ သို့ဖြစ်ရာ မြစ်ရေများ အင်းရေများ ယာယီရေ ဝင်ရောက်ရာ စိုက်ပျိုးမြေများ ရေရှည်တည်တံ့ရေးသည်လည်း ငါးများမိတ်လိုက် သားပေါက်ရေးအတွက် မရှိမဖြစ်လိုအပ်ပြီး အင်းလုပ်ငန်းရေရှည်တည်တံ့ရေး နှင့် အင်းငါးတိုးတက် ထုတ်လုပ်ရေးတို့အတွက် အရေးပါကြောင်း တွေ့ရသည်။ စိုက်ပျိုး မြေများသည် မြန်မာ့ရေချိုငါးများ မိတ်လိုက်၊ ဥချ၊ သားပေါက်ရာနေရာများဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်း အတွက်သာမက ငါးသယံဇာတ ထိန်းသိမ်းရေးအတွက်ပါ အရေးပါသဖြင့် စိုက်ပျိုးမြေများတည်မြဲရေးကို မိတ်ဖက်ဦးစီးဌာနများနှင့် ပူးပေါင်း ကာကွယ်ကြရမည်ဖြစ်သည်။

## ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲကြရန်

သီးနှံအထွက်တိုးရေးအတွက် ဓာတုပိုးသတ်ဆေးများ မဖြစ်မနေသုံးစွဲကြရာတွင် သုံးစွဲရန်စည်းကမ်း၊ နည်း

စာ - ၉ သို့

စာ-၈ မှ

လမ်းများ၊ သုံးစွဲရမည့် ပမာဏများ မှန်ကန်စေရေးအတွက် စိုက်ပျိုးတောင်သူများသို့ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရေးသည်လည်း အင်းလုပ်ငန်းရေရှည်တည်တံ့ရေးနှင့် အင်းငါးအတွက်နှုန်းတိုးတက်ရေးအတွက် ဆက်စပ် အရေးပါနေကြောင်းကိုတွေ့ရှိရသည်။ ပိုးသတ်ဆေး ထုပ်ပိုးထည့်သွင်းသည့် ပုလင်းခွံ ဘူးခွံများကို စနစ်တကျ စွန့်ပစ်ရန်နှင့် ဆေးကြော သန့်စင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက်အသုံးပြုသော ပိုးသတ်ဆေးဓာတ်ကြွင်းများသည် အင်းရေပြင်များအတွင်း စီးဝင်ခြင်းများစိမ့်ဝင်


သာယာဝတီ မြို့နယ် အသနော်အောက်အင်း ပြင်ဆင်နေမှု

ခြင်းများမဖြစ်စေရန်လိုပြီး၊ ရေရှည်တွင် ပိုးသတ် ဆေး ဓာတ်ကြွင်းများ စုပုံလာခြင်းအားဖြင့် ရေသတ္တဝါများနှင့်ရေသတ္တဝါများမှတဆင့် စားသုံးသူ ပြည်သူများသို့ထိခိုက်စေမည်ဖြစ်ပါသည်။ ဓာတ်မြေဩဇာနှင့်ပိုး သတ်ဆေး အလွန်အကျွံသုံးစွဲခြင်းများသည် ရေသတ္တဝါများနှင့် ယင်းတို့၏ ဥနှင့်သားလောင်းများကို ပျက်စီးစေမည်ဖြစ်ပြီး၊ မျိုးပွား ရေး၊ ရှင်သန်ကြီးထွားရေးနှင့် အင်းငါးထုတ်လုပ်မှုတိုးတက်ရေးတို့ကို ဆက်လက်ထိခိုက်ပျက်စီးစေမည် ဖြစ် သည်။

## သုတေသနလုပ်ငန်းအရေးပါ

အင်းအိုင်များအတွင်း တိုင်းရင်းငါး မျိုး များ ရေ ရှည် တ ည် တံ့ ရေးအတွက် သုတေသနလုပ်ငန်းများသည်အရေးကြီးသောလုပ်ငန်းဖြစ်ပြီး ရိုးရှင်းသောလုပ်ငန်းစဉ်ဖြစ်၍ ရေလုပ်သားကြီးများကိုယ်တိုင် ဆောင်ရွက်နိုင်သည်ဖြစ်ရာ အောက်ပါ လုပ်ငန်းများကို စနစ်တကျမှတ်တမ်းတင်၍ ကာကွယ်ထိမ်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ လိုအပ်ချက်များကို နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများမှ အကြံဉာဏ်ရယူနိုင် ကြပါသည်။

(က)အင်းများအတွင်းရှိ ဂေဟာစနစ် နှင့် ငါးနေငါးထိုင်တောများကို လေ့လာ မှတ်တမ်းတင်၍ ကာကွယ်ရန်၊

(ခ) ငါးများရွှေ့ပြောင်းသွားလာရာလမ်းကြောင်း (Migratory Route) နှင့် အချိန်တို့ကို လေ့လာ၍ ကာကွယ်ရန် ၊

(ဂ) ငါးများပေါက်ပွားသည့်နေရာ (Spawning Ground)နှင့် အချိန်တို့ကိုလေ့လာ၍ ငါးရစ်ငါးသန်ကာလကို ကာကွယ်ထိမ်းသိမ်းရန်၊

(ဃ) အင်းများ၏ ရေအရည်အသွေးနှင့် ရေထုထည်သည် အင်းငါးများ ရှင်သန်ကြီးထွားရေးအတွက် အရေးပါသဖြင့်(အပူချိန်၊ရေအနက်၊ ရေထုထည်၊ ရေကြည်နှုန်း၊ pH ရေချဉ်ဖန်နှုန်း၊ DO အောက်စီဂျင် ပျော်ဝင်မှု) မှတ်တမ်းတင်ထိမ်းသိမ်းရန်

(င) အင်းငါးများအား မျိုးစိတ်ခွဲခြားခြင်း၊ အရွယ်အစား၊ အလေး ချိန်နှင့် မျိုးပွားအင်္ဂါရင့်မှည့်မှုကို မှတ်တမ်းတင်၍ ရရှိသောအချက် အလက်များဖြင့် အင်းငါးတိုးတက် ထုတ်လုပ်ရေးကိုဆောင်ရွက်ရန်

(စ)မျိုးထိန်းသိမ်းဆောင်ရွက်မည့်တိုင်းရင်းငါးများ၏အရွယ်အစား၊ အလေးချိန်၊ မျိုးပွားအင်္ဂါ ရင့်ကျက်မှုနှင့်ရင့်မှည့်မှုကို မှတ်တမ်းတင်၍ ဆေးထိုးသားဖောက်လုပ်ငန်းများ ဆောင်ရွက်ရန်

(ဆ) အင်းအတွင်း မွေးမြူထားသည့် မွေးမြူရေးငါးများ၏ အရွယ်အစား၊ အလေးချိန်၊ မျိုးပွားအင်္ဂါရင့်ကျက်မှုရင့်မှည့်မှုကို မှတ်တမ်းတင်၍ အင်းငါးတိုးတက်ထုတ်ရေးကို ဆောင်ရွက်ကြရန်

## ငါးဆင်းငါးတက်လမ်း

အင်းများရေရှည်တည်တံ့ရေးအတွက် အင်းများ၏အရည်အသွေးကောင်းမွန်ရန် လိုအပ်ပြီး၊ အင်းရေဝင်ရောက်မှုလွယ်ကူခြင်းသည် အရေးကြီးသောအချက်ဖြစ်သည်။ မြစ်ချောင်းများမှ အင်း အတွင်းသို့ ရေဝင်ရောက်မှုလွယ်ကူစေရေးအတွက် လမ်း၊ တံတားများတည်ဆောက်ရာတွင် ငါးများ ရွေ့လျားရာရေလမ်းကြောင်းများ ကောင်းမွန်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်ဆည် တာတမံများ တည်ဆောက်ရာတွင်လည်း ငါးဆင်းငါးတက်လမ်းများ ထည့်သွင်းတည်ဆောက်ရန်၊ စက်ရုံအလုပ်ရုံများတည်ဆောက်ရာတွင် စွန့်ပစ်ရေများကို သန့်စင်၍ စနစ်တကျ စွန့်ပစ်ရန်လိုအပ်မည်ဖြစ်ပါသည်။ စိုက်ပျိုးမြေများသည် ရေချိုငါးများမိတ်လိုက်၊ ဥချသားပေါက်ရာနေရာများဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက်သာမက ငါးသယံဇာတထိန်းသိမ်းရေးအတွက်အရေးပါသဖြင့် စိုက်ပျိုးမြေများရေရှည်တည်မြဲရေးကို မိတ်ဖက်ဦးစီးဌာနများနှင့် ပူးပေါင်း ကာကွယ်ကြရမည်ဖြစ်သည်။

## အင်းငါးထုတ်လုပ်မှု တိုးတက်ရေး

အင်းငါးတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် (Capture Base Culture Fishery) အင်းငါး များကို အကန့်အစင်ဖမ်းဆီးခြင်းမပြုဘဲ နှောင်နှစ်များအတွက်မျိုးချန်လုပ်၍ ဖမ်းဆီးထုတ်လုပ်မွေးမြူသည့်စနစ်နှင့်(Culture Base Capture Fishery) အင်း၏ သဘာဝနှင့်ကိုက်ညီသည့်မွေးမြူရေးငါးများ ထည့်သွင်း မွေးမြူထုတ်လုပ်သည့်စနစ်တို့ကို ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သည်။ အဆိုပါစနစ်ကို ၁၉၈၀-၁၉၈၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၊ ၁၉၈၈-ခုနှစ်နောက်ပိုင်းတွင် သိသိသာသာ ဖွံ့ဖြိုးလာသောစနစ်ဖြစ်ပါသည်။ နိုင်ငံတကာတွင် (Capture Base Culture Fishery) နှင့် (Culture Base Capture Fishery)စသည်တို့ကို ဆောင်ရွက်ခြင်းမရှိစဉ်ကပင် မြန်မာနိုင်ငံအနေဖြင့် ရေချိုငါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှဦးဆောင်၍ အကောင်အထည်ဖော်နိုင်ခဲ့သောလုပ်ငန်းဖြစ်ပါသည်။ ဂရန်အင်းများ ရောင်းချရငွေ၏ ငါးရာခိုင်နှုန်းနှင့်ညီမျှသော ငါးသားပေါက်များကို အင်းရေပြင်အတွင်း မျိုးစိုက်ထည့်သွင်းမွေးမြူလျက်ရှိပါသည်။


သာယာဝတီ မြို့နယ် အင်းသရင်အင်း ပြင်ဆင်နေမှု

အင်းရေပြင်များတွင် ထည့်သွင်းမွေးမြူသည့် ငါးအမျိုးအစားများမှာ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ငွေရောင်ငါးကြင်း၊ ငါးအုံးတုံ၊ မြက်စားငါးကြင်း၊ တီလားပီးယား ငါးမျိုးများဖြစ်ပြီး အင်း၏သဘာဝပထဝီ အနေအထား၊ ငါးနေငါးထိုင်တောဖြစ်တည်မှု၊ သဘာဝဩဇာဓာတ်ကြွယ်ဝမှု၊ ရေပြင်ဧရိယာအကျယ်အဝန်း၊ ရေအတိမ်အနက်စသည့်အင်းများ၏ သဘာဝအခြေအနေများနှင့်ကိုက်ညီသည့်ငါးအမျိုးအစားများကို ရွေးချယ် ထည့်သွင်းမွေးမြူမှသာလျှင် အင်းငါး အထွက်တိုးမည်ဖြစ်သည်။ လိုအပ်သော ငါး အမျိုးအစားများကို ပြည်နယ်/ တိုင်းဒေသကြီး အသီးသီးရှိ ငါးလုပ်ငန်းစခန်းများမှ ဝယ်ယူနိုင်မည်ဖြစ်ပြီး လိုအပ်သောအကြံဉာဏ်များကိုလည်း တောင်းခံရယူနိုင်ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းတွင် စီမံကိန်းဝင်သီးနှံများပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မျိုး၊မြေ၊ ရေ၊ နည်းစသည့် အထွက်တိုးရေးအတွက် စံနှုန်းများရှိသကဲ့ အင်းလုပ်ငန်းတွင်လည်း စံနှုန်းများ ရှိနေပါသည်။ အင်းလုပ်ငန်းရှင်(အင်းသူကြီး၊အင်းဂရန်ကိုင်)သည် အင်းများ၏ မြစ်ရေ ဝင်ရောက်မှုအနေအထားနှင့် အင်း၏ သဘောသဘာဝများကို တတ်ကျွမ်းနားလည်မှုရှိရန်၊ ထည့်သွင်းမွေးမြူသင့်သည့် ငါးအမျိုးအစားကို သိရှိရန်၊ အင်းရေပြင်တွင် ငါးသားပေါက်များကို ပြုစုတတ်ကျွမ်းရန် ၊ ငါးသားပေါက်ထည့်သွင်း မွေးမြူရမည့်အချိန်နှင့် နည်းစနစ်များကိုသိရှိရန် စသည့်အချက်အလက်များကို နားလည်တတ်ကျွမ်းမှသာ အင်းငါးအထွက်နှုန်း တိုးတက်မည်ဖြစ်သည်။ ငါးသားပေါက်ထည့်သွင်းချိန် နောက်ကျမည် ဆိုပါက သဘာဝငါးများက ထည့်သွင်းသည့် ငါးသားပေါက်များကို စားသုံးမည်ဖြစ်၍ အကျိုးရှိမည်မဟုတ်ပေ၊ သဘာဝအစားအစာအပြင်ဖြည့်စွက်အစားအစာကို ကျွေးမွေးရန်လိုအပ်မည်ဖြစ်ပြီး၊ အစာကျွေးမွေးမြူခြင်းအားဖြင့် ငါးများရှင်သန်ကြီးထွားရေး အတွက်သာမက မိမိထည့်သွင်း မွေးမြူထားသည့် ငါးများ ရွှေ့ပြောင်းသွားခြင်းမရှိစေရန် ဆွဲဆောင်လေ့ကျင့်နိုင်ရမည် ဖြစ်သည်။ ထို့အပြင် တရား မ

စာ-၁၅ သို့

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း–၈)

## Kasetsart University, Thailand

## ကဆက်ဆတ် စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်၊ ထိုင်းနိုင်ငံ

**ဒေါက်တာမျိုးကြွယ်**

(ယခင်အပတ်မှအဆက်)

ကျွန်တော်တို့ မိတ်ဆွေ အာဆီယံနိုင်ငံများထဲက ထိုင်းနိုင်ငံကို ကြည့်ရအောင်ပါ။

ကဆက်ဆပ် စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်သည် ၁၉၄၃-ခုနှစ် (မြန်မာနိုင်ငံထက် ၁၉-နှစ်နောက်ကျပြီးမှ) စိုက်ပျိုးရေးကောလိပ် (Kaset က ထိုင်းဘာသာပြန်လျှင် စိုက်ပျိုးရေးပါ) အဖြစ် စတင်ပေါက်ဖွားလာခဲ့တဲ့ ကောလိပ်ကလေးဟာ ယခုတော့ ထိုင်းနိုင်ငံမှာ၊ အာဆီယံနိုင်ငံများကြားမှာ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ အကောင်းဆုံးတက္ကသိုလ်တွေထဲ မှာပါဝင်နေပါပြီ၊

၂၀၂၂-ခုနှစ်မှာ စုစုပေါင်းကျောင်းသား ၇၀၀၀၀ ကျော်နှင့် ဝန်ထမ်းဦးရေ ၃၅၀၀ ကျော်က နယ်မြေ (Campus) ပေါင်း ၅-ခု မှာ စိုက်ပျိုး၊ မွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့်နှင့် ငါးပုစွန်လုပ်ငန်းကို အဓိကထားသင်ကြားနေပါသည်။

ပါမောက္ခချုပ်ရုံးက ဘန်ကင်းနယ်မြေ (Bang Khan Campus) မှာပါ၊ ထိုနယ်မြေတွင် မဟာဌာနပေါင်း ၁၅ ခု (Fifteen Faculties) ရှိပါသည်။ တက္ကသိုလ် စုစုပေါင်းဧရိယာ ၃၉၇၃-ဟက်တာ (ဧက ၁၀၀၀၀)-နီးပါး (ကျွန်တော်တို့နိုင်ငံက စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များ၏ မြေနေရာနှင့် နှိုင်းယှဉ် ကြည့်နိုင်ပါရန်) တွင် ဘန်ကောက်မြို့ပေါ်ရှိ မူလဘန်ကင်းနယ်မြေက ၁၃၆ ဟက်တာပဲရှိပါသည်၊

ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ခုနှစ်သောင်းကျော် ၊ပါရဂူဘွဲ့ ၁၂၅၀ ကျော်နှင့် မဟာသိပ္ပံ ကျောင်းသား၊ ကျောင်းသူ ၆၇၀၀ ကျော် ပါမောက္ခ ၅၀-ဦး* (*ထိုင်းနိုင်ငံတွင် ပါမောက္ခတစ်ဦး ဖြစ်ဖို့မလွယ်ပါ၊ တစ်နိုင်ငံလုံးပါမှ ပါမောက္ခ ၅၀၀-ပတ်ဝန်းကျင်သာရှိသည်ဟု ကျွန်တော့် မိတ်ဆွေ ပါမောက္ခ ပီယာဆပ် ဆရီနီဗတ်စ် (Professor Dr Peersak Srinivas) က ပြောပါသည်၊ သူက အခု ပါမောက္ခဘဝက အငြိမ်းစားယူပြီး အမြင့်ဆုံးအဖွဲ့အစည်းတစ်ခုဖြစ်သော ကဆက်ဆပ်တက္ကသိုလ် ကောင်စီ (University Council ကျွန်တော်တို့နိုင်ငံတွင်မရှိသေးပါ) အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေပါသည်)၊တွဲဖက်ပါမောက္ခ ၅၀၀ ကျော်၊ လက်ထောက်ပါမောက္ခ (Assistant Professor) ၁၀၀၀ ကျော်၊ သင်ကြားရေးနည်းပြ၊ သရုပ်ပြ ၂၀၀၀ ကျော်နှင့် သင်ကြား၊ သုတေသန ပြုလျက်ရှိနေပါသည်*။

**(က) စိုက်ပျိုးရေးမဟာဌာန (Faculty of Agriculture)**

ဤ မဟာဌာန ကြီးကြပ်မှု အောက်တွင်-

(က-၁) လယ်ယာသီးနှံဌာန (Department of Agronomy)



ဘန်ကင်းနယ်မြေ၊ ကဆက်ဆပ်တက္ကသိုလ်

(က-၂) ဥယျာဉ်ခြံသီးနှံဌာန (Department of Horticulture)

(က-၃)မြေဆီလွှာသိပ္ပံဌာန (Department of Soil Science)

(က-၄) စက်မှုလယ်ယာဌာန (Department of Farm Mechanics)

(က-၅) ကိုမိလဗေဒဌာန (Department of Entomology)

(က-၆) အပင်ရောဂါဗေဒဌာန (Department of Plant Pathology)

(က-၇) တောင်သူပညာပေးနှင့် ဆက်သွယ်ရေးဌာန (Department of Agricultural Extension and Communication)

(က-၈) မွေးမြူရေးပညာဌာန (Department of Animal Science) နှင့်

(က-၉) အိမ်တွင်းမှုစီးပွါးရေးပညာဌာန (Department of Home Economics) တို့ရှိပါသည်။ (ဤမဟာဌာန ရှိ ဌာနများက မြန်မာပြည်က ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် နီးပါးရှိပါသည်)၊

ဤမဟာဌာန တစ်ခုတည်းပင် ကျောင်းသား၊ ကျောင်းသူပေါင်း ၂၀၀၀ ကျော် မှတ်ပုံတင်၍တက်ရောက်လျက်ရှိပါသည်။

စိုက်ပျိုးရေးနှင့် ပတ်သက်နေသော မဟာဌာန နောက် တစ်ခုမှာ

**(ခ) စိုက်ပျိုးရေးနည်းပညာမဟာဌာန (Faculty of Agro-Industry)** ဖြစ်ပါသည်။ ဤမဟာဌာန ကြီးကြပ်မှု အောက်တွင်-

(ခ-၁) စိုက်ပျိုးရေးနည်းပညာဌာန (Department of Agro-Industrial Technology)

(ခ-၂) ဇီဝနည်းပညာဌာန (Department of Bio-technology)

(ခ-၃) အစားအသောက်သိပ္ပံနှင့် နည်းပညာဌာန (Department of Food Science and Technology)

(ခ-၄) ထုတ်ပိုးမှုနှင့်ထုတ်ပိုးပစ္စည်း နည်းပညာဌာန (Department of Packaging and materials Technology)

(ခ-၅) ထုတ်ကုန်ပစ္စည်းဖွံ့ဖြိုး တိုးတက်ရေးဌာန (Department of Product Development)

(ခ-၆) ချည်ထည်သိပ္ပံပညာဌာန (Department of Textile Science) တို့ဖြစ်ပါသည်။

ဤမဟာဌာနတွင် အပြည်ပြည်ဆိုင်ရာ ကျောင်းသားများအတွက် စိုက်ပျိုးနည်းပညာ တီထွင်ဖန်တီးမှု ဘွဲ့ဒီဂရီ (Agro-Industrial Innovation and Technology - International Program) ပေးနိုင်မှု အစီအစဉ် ရှိပါသည်။ နိုင်ငံတကာ ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်နိုင်ပါသည်။ ကျောင်းသားပေါင်း ၁၈၀၀ ကျော်တက် ရောက်သင်ကြားလျှက်ရှိပါသည်။

အချို့ဌာနများ ကျွန်တော်တို့နိုင်ငံ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တက္ကသိုလ် များ တွင် မရှိသေးပါ။

(ဂ) **စီးပွါးရေးပညာမဟာဌာန (Faculty of Economics)**

ဤ မဟာဌာန ကြီးကြပ်မှုအောက်တွင် -

(ဂ-၁) စီးပွါးရေးပညာဌာန (Department of Economics)

(ဂ-၂) စိုက်ပျိုးရေးနှင့်သဘာဝ အရင်းအမြစ်များဆိုင်ရာစီးပွါးရေးပညာဌာန (Department of Agricultural and Resource Economics) ဤဌာနမှ ဒေါက်တာရာဇာဟာနီ၊ ဒေါက် တာမြင့်မြတ်မိုး တို့ ပါရဂူဘွဲ့ ရခဲ့ပါသည်။

(ဂ-၃) သမဝါယမဌာန (Department of Co-operatives) တို့ဖြစ်ပါသည်။

ကျောင်းသားပေါင်း ၄၀၀၀-နီးပါး တက်ရောက်သင်ကြားလျှက်ရှိပါသည်။

(ဃ) **သိပ္ပံမဟာဌာန (Faculty of Science)**

ဤ မဟာဌာန ကြီးကြပ်မှု အောက်တွင်-

(ဃ-၁) သင်္ချာဌာန (Department of Mathematics)

(ဃ-၂) ဓါတုဗေဒဌာန (Department of Chemistry)

(ဃ-၃) အဏုဇီဝဗေဒဌာန (Department of Microbiology)

(ဃ-၄) ဇီဝဓါတုဗေဒဌာန (Department of Biochemistry)

(ဃ-၅) ရုက္ခဗေဒဌာန (Department of Botany)

(ဃ-၆) ရူပဗေဒဌာန (Department of Physics)

(ဃ-၇) ဗီဇဗေဒဌာန (Department of Genetics)

စာ-၁၅ သို့



ကန်ပင်ဆန်နယ်မြေ၊ ကဆက်ဆပ်တက္ကသိုလ်




## ဆန်

ယခုရက်သတ္တပတ်အတွက်ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင်ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၄၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၃၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၁၅၀၀၀ကျပ်နှုန်းနှင့် အောက်စတစ်အိတ် လျှင် ၁၁၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၂၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထ ဆန်ဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၇၀၀၀ ကျပ်နှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၇၅၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း ငစိန်ဆန် အလတ်စတစ်တင်းခွဲ တစ်အိတ် လျှင် ၇၃၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၇၂၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း အသီးသီးရောင်းဝယ်လျက်ရှိကြောင်းသိရသည်။အထက်ပါဆန်ဈေးနှုန်းများမှာ ဆန်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းစေရေး၊ စားသုံးသူပြည်သူများ သက်သာသော ဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်ရေး၊သိုလှောင်ဈေးကစားမှုများမဖြစ်ပေါ်စေရေးအတွက်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် သတ်မှတ်ထားသော ရည်ညွှန်းဈေးနှုန်းများဖြစ်ပြီး ယခုဇူလိုင်လအတွက် သတ်မှတ်ထားသော ဈေးနှုန်းများပင်ဖြစ်သည်။ နေပြည်တော်၊ မန္တလေး၊ ရန်ကုန် မြို့ကြီးများ၏ လက်လီဈေးကွက်များတွင် ရည်ညွှန်းဈေးနှုန်းများထက် ၅ ရာခိုင်နှုန်းခန့်သာ ပိုသောဈေးနှုန်းများဖြင့် လက်လီရောင်းချပေးနိုင်ရန်လည်းစီစဉ်ထားရှိပြီးဖြစ်သည်။

ဆန်ဈေးနှုန်းများအား ရည်ညွှန်းဈေးနှုန်းများ သတ်မှတ်ထားခြင်းကြောင့် စပါးဈေးနှုန်းများအား ဈေးချ ဝယ်ယူမှုများလည်းရှိလာခဲ့ပြီး စပါးဈေးနှုန်းများမှာလည်း ယခင်လထက်ကျဆင်းလာခဲ့သည်။ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှာလည်း ပုံမှန်ရှိကြောင်းသိရသည်။ သိုလှောင်ထားရှိမှုများအားလည်း စိစစ်လျက်ရှိကြောင်းသိရသည်။ ယခု နှစ်မိုးရာသီတွင် ပြည်တွင်းမတည်ငြိမ်မှုများရှိ ခြင်း၊ သယ်ယူပို့ဆောင်ရေးအခက်အခဲနှင့် သယ်ယူစရိတ်မြင့်ခြင်း၊ လယ်ယာလုပ်ငန်းလုပ်ကိုင် နိုင်သောဒေသများ ယခင်နှစ်ထက်လျော့နည်းလာခြင်း၊စိုက်ပျိုးထုတ်လုပ်နိုင်သော ဒေသများတွင်လည်း အလုပ်သမားရှားပါးခြင်း၊ စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခြင်းနှင့် စက်သုံးဆီပြတ်လပ်မှုရှိခြင်း၊ ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေးများ ဈေးမြင့်ခဲ့ခြင်းကြောင့် စိုက်ဧကနှင့် အထွက် နှုန်းများလျော့နည်းလာနိုင်ဖွယ်ရှိခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး ဆန်စပါးလှောင်လက်အများစုမှ ရောင်းလိုအားနည်းကာ ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဆန်ကုန်စည်ဒိုင်နှင့် အသင်းဝင်ဆန်လက်လီဆိုင်အချို့၌လည်း ဧည့်မထဆန် တစ်ပြည် လျှင် ၃၀၀၀ ကျပ်နှုန်းနှင့် ရွှေဘိုပေါ်ဆန်း တစ်ပြည်လျှင် ၅၀၀၀ ကျပ်နှုန်းတို့ဖြင့် ၂၄-၆-၂၀၂၄ ရက်နေ့မှစတင်ကာ ရောင်းချပေးလျက်ရှိသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ် ၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု ပုံမှန်ရှိကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းများအား ထိုင်းနိုင်ငံသို့ အကောက်ခွန်လွတ်တင်သွင်းခွင့်ရသော ကာလဖြစ်ခြင်း၊ အိန္ဒိယနိုင်ငံသို့လည်း အကောက်ခွန်လွတ်တင်ပို့မှုရှိခဲ့ခြင်း၊ ထိုင်း၊ အိန္ဒိယ၊ ဖိလစ်ပိုင်နိုင်ငံများသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဂိတ်အချို့မှ ပြောင်းတင်ပို့မှုရှိခြင်း၊ ပြည်ပငွေလဲနှုန်းများဈေးမြင့်နေခြင်းတို့ကြောင့် အစေ့ထုတ်ပြောင်းဈေးနှုန်းများ ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ ရန်ကုန်ဝန်းကျင်ဒေသများတွင်သာ ဈေးနှုန်းပြောင်းလဲမြင့်တက်လာခြင်း ဖြစ်ကြောင်းလည်းသိရသည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၇၆၁၄၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၇၇၇၆၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့ခြင်းဖြစ် သည်။

## ပဲမျိုးစုံ

ပဲမျိုးစုံ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် မိုးစိုက်ပဲဧကများ တိုးတက်မှုရှိခြင်း၊ နွေမတ်ပဲအချို့ ကုန်အဝင်ရှိချိန်ဖြစ်ခြင်း၊ မိုးစိုက်ပဲများ၏ အခြေခံဈေးနှုန်းများအား တိုးမြှင့် သတ်မှတ်ပေးထားခြင်းတို့ကြောင့် ပြည်ပပဲများအား ဝယ်ယူမှုနည်းကာ မတ်ပဲဈေးနှုန်းများ ယခင်အပတ်ထက် ဈေးနိမ့်လာခဲ့သည်။ ထို့ကြောင့် မြန်မာမတ်ပဲ(သဘော်တင်)တစ်တန်လျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်း ၃၃၃၀၀၀၀ ကျပ်မှ ယခုအပတ်ဈေးနှုန်း ၃၃၀၉၀၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ အလားတူပင် အိန္ဒိယပြည်တွင်း၌ ပဲစင်းငုံ မိုးစိုက်ပဲဧကနှင့် မိုးစိုက်ပဲများ၏ အခြေခံဈေးနှုန်းများ တိုးမြင့်လာသော်လည်း ပဲစင်းငုံလိုအပ်ချက်ရှိခြင်းကြောင့် ပဲစင်းငုံဈေးနှုန်းများဆက်လက်မြင့်တက်ခဲ့သည်။ မြန်မာပြည်တွင်း၌လည်းပဲလက်ကျန်နည်းခြင်း နှင့် ငွေကြေးဈေးကွက်အခြေအနေများကြောင့် ရောင်းချသူနည်းပါးကာ ပဲစင်းငုံဈေးနှုန်းများ ယခင်အပတ်ထက် ဆက်လက်ဈေးမြင့်ခဲ့သည်။ ပဲစင်းငုံ(သဘော်တင်)တစ်တန်လျှင် ယခင် အပတ်ဈေးနှုန်းမှာ ၄၄၅၂၀၀၀ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၄၆၀၀၀၀ ကျပ်သို့ ရောက်ရှိ ဈေးမြင့်ခဲ့သည်။ ယခုရက်သတ္တပတ်အတွင်းကုန်စည်ဒိုင်ဖွင့်ရက်၆ရက်ရှိခဲ့ပြီး မတ်ပဲ(သဘော်တင်) မှာ ကုန်သေတ္တာ ၅ လုံးခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။ ပဲတီစိမ်းဈေးနှုန်း များမှာလည်း တရုတ်နယ်စပ်လမ်း အခြေအနေများကြောင့် ဝယ်လိုအားကျဆင်းခဲ့သော်လည်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တစ်ဆင့် တရုတ်၊အိန္ဒိယ၊ အင်္ဂလန်၊ နယ်သာလန်တို့အပြင် ဥရောပနိုင်ငံများသို့ ပဲတင်ပို့မှုရှိခြင်းကြောင့် ပဲတီစိမ်းဈေးနှုန်း များ ယခင်အပတ်ထက် ဆက်လက်ဈေးမြင့်လာခဲ့သည်။ပဲတီစိမ်း ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၂၁၇၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ၂၃၂၅၀၀ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ပဲလွမ်းဖြူနှင့် ဘိုကိတ်ပဲမှာ စိုက်ပျိုးထုတ်လုပ်မှုနည်းသော ပဲအမျိုး အစားများဖြစ်ခြင်း၊ ကုန်ဝင်ရောက်မှုနည်းခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအားများခြင်း တို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ ပဲလွမ်းဖြူ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၃၇၆၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်း မှာ၂၄၀၀၀၀ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ဘိုကိတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၂၈၅၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ၂၈၇၅၅၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ပဲပုပ် ပဲမှာ ဈေးကွက်သို့ ကုန်အဝင် ပုံမှန်ရှိသော်လည်း လုပ်ငန်းသုံးသမားများမှ ပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့သည်။ ထောပတ်ပဲနှင့် ကုလားပဲမှာ ပြည်တွင်းပြည်ပမှ ဝယ်လိုအား နည်းခြင်းကြောင့် ယခင်အပတ်ထက် ဈေးနိမ့် ခဲ့သည်။ ထောပတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၄၂၇၈၀၀ ကျပ် ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၁၇၃၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ကုလားပဲခြမ်း တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၅၅၇၅ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၅၅၆၃ ကျပ် ဖြစ်သည်။

## စားသုံးဆီ

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သောနိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၈ ရက်မှ ၁၄ ရက်အထိ ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၃၉၀ ကျပ်ဖြစ်ပြီး ယခင်အပတ်ဈေးနှုန်းမှာ ၅၃၈၅ ကျပ်ဖြစ်သည်။ ယခင်အပတ်ထက် တစ်ပိဿာလျှင် ၅ ကျပ်နှုန်း ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက်များစွာမကွာသော ဈေးနှုန်းများဖြင့် စားအုန်းဆီများအား ရောင်းချပေး လျက်ရှိသော်လည်း မေလစတုတ္ထရက်သတ္တပတ်မှ စတင်ကာ စားအုန်းဆီ ရည်ညွှန်းဈေးနှုန်းများ လည်း တဖြည်းဖြည်း ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။

**အေးသန္တာဝင်း**

Agribiz News www.agribiznews.com.mm




## ဆန်

ရွှေဘိုပေါ်ဆန်း၊ ရန်ကုန်ပေါ်ဆန်းတို့မှာ အသစ်စိုက်ပျိုးချိန်ဖြစ်ခြင်းကြောင့် လှောင်သမား ထုတ်ရောင်းမှုရှိခြင်း ၊ မြို့တွင်းသုံးဝယ်ယူမှုသာရှိပြီး နယ်ဝေးတင်ပို့ရမှုနည်းခြင်းကြောင့် တစ်အိတ် ၁၃၅၀၀၀ ကျပ်မှ ၁၂၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး ရွှေဘိုပေါ်ဆန်းမှာ ရွှေဘိုဒေသတစ်ခုထဲ၌သာ စိုက်ပျိုးခြင်း၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် ၁၄၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

မနောသုခဆန်မှာ အသစ်များ အဝင်များလာခြင်း၊ အသစ်အား စားသုံးမှုနည်းသေးခြင်းကြောင့် အသစ်တစ်အိတ် ၇၂၀၀၀ ကျပ် မှ ၆၇၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး အဟောင်းလက်ကျန်နည်းသော်လည်း မြို့တွင်းစားသုံးရန် ဝယ်ယူမှုနည်းခြင်းကြောင့် တစ်အိတ် ၉၀၀၀၀ ကျပ် မှ ၈၈၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ငစိန်ဆန်မှာလည်း အသစ်များ ဝင်ရောက်မှုရှိခြင်း၊ လုပ်ငန်းသမား အဝယ်နည်းခြင်းကြောင့် ယခင်အပတ် တစ်အိတ် ၇၂၀၀၀ ကျပ် မှ ၆၇၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ဧယာဆန်မှာ အဝင်ပုံမှန်ရှိခြင်း၊ လှောင်သမား ထုတ်ရောင်းရှိခြင်းကြောင့် ဧယာနွယ်ဝင်ဧည့်မထအား ပြည်ပတင်ပို့မှုရှိခြင်းကြောင့် တစ်အိတ်း ၉၀၀၀၀ ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။

ရောမင်းဆန်မှာ အသစ်ဝင်ရောက်မှုများခြင်း၊ မြို့တွင်းစားသုံးမှုအတွက် ဝယ်ယူမှုသာရှိခြင်း၊ နယ်ဝေးတင်ပို့ရမှုမရှိခြင်းကြောင့် တစ်အိတ် ၁၃၀၀၀၀ ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဆီထွက်သီးနှံ

မြေပဲ(လုံးဆန်/ဆီဆန်) ဈေးနှုန်းမှာ မိုးမြေပဲစိုက်ပျိုးစဖြစ်ခြင်း၊ ဆောင်းလက်ကျန်နည်းခြင်း၊ စပ်ကူးမတ်ကူးကာလဖြစ်ခြင်းတို့ကြောင့် လုပ်ငန်းသမား ဆီစက်သမား ဝယ်ယူမှုရှိခြင်းတို့ကြောင့် မြေပဲ(လုံးဆန်) ၁၀၀ ပိဿာ ၇၈၀၀၀၀ ကျပ် မှ ၈၀၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး မြေပဲ(ဆီဆန်) ၁၀၀ ပိဿာ ၇၄၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

နှမ်းမျိုးစုံတို့အနက် နှမ်းဖြူမှာ တရုတ်သို့ ပင်လယ်ရေကြောင်းမှ တင်ပို့ရန် ရန်ကုန်ဝယ်လက်ရှိခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်း ၊ မိုးနှမ်းမဝင်သေးခြင်းတို့ကြောင့် နှမ်းဖြူ(၄၅) ပိဿာ ၃၄၀၀၀၀ ကျပ် မှ ၃၈၀၀၀၀ ကျပ်သို့လည်းကောင်း၊ နှမ်းနက် ၄၅၀၀၀၀ ကျပ် မှ ၄၆၀၀၀၀ ကျပ်သို့လည်းကောင်း ဈေးမြင့်သွားပြီး နှမ်းညိုမှာ ဆီစက်သမား အဝယ်နည်းခြင်းကြောင့် ဆောင်းလက်ကျန်နည်းသော်လည်း ၄၅ ပိဿာ ၃၂၀၀၀၀ ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။

ပန်းနှမ်းမှာ ရောဆီအထွက် အဝယ်နည်းခြင်းကြောင့် အရောင်းအဝယ်အေးသော်လည်း လက်ကျန်နည်းသွားခြင်းကြောင့် ၄၅ ပိဿာ ၂၀၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နေကြာဈေးနှုန်းအနေဖြင့် ဆောင်းလက်ကျန်နည်းခြင်း၊ မိုးနေကြာ စိုက်ပျိုးစ ဖြစ်ခြင်းကြောင့် ဆီစက်သမား အဝယ်ပုံမှန်ရှိသော်လည်း ၂၇ ပိဿာ ၁၅၀၀၀၀ ကျပ်ဖြင့် ဈေးမသိမသာမြင့်သွားသည်။

## စားဖိုဆောင်သီးနှံ

မန္တလေး ကိုင်းတန်းဈေးတွင် မုံရွာ၊ မြင်းခြံ ၊ မုံရွာ နယ်စုံမှ ကြက်သွန်နီများ ဝင်ရောက်မှုရှိခြင်း ၊ လမ်းပန်းဆက်သွယ်ရေးကြောင့် နယ်ဝေးတင်ပို့ရမှုမရှိခြင်းကြောင့် (ကြီး) တစ်ပိဿာ ၂၄၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး (လတ်) တစ်ပိဿာ ၂၃၀၀ ကျပ် မှ ၂၂၀၀ ကျပ်သို့ ဈေးနိမ့်နေပြီး (သေး) တစ်ပိဿာ ၁၇၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကြက်သွန်ဖြူ(တရုတ်)မှာ အဝင်နည်းသွားခြင်းကြောင့် နယ်ဝေးတင်ပို့ရမှုမရှိဘဲ မြို့တွင်းသုံးသာရှိသော်လည်း တစ်ပိဿာ ၉၅၀၀ ကျပ်မှ ၁၁၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ကြက်သွန်ဖြူ(ရှမ်း)မှာ အရည်အသွေးပေါ်မူတည်၍ အရည်အသွေးအနိမ့်ဆုံး ၈၀၀၀ ကျပ်မှ အကောင်းဆုံးတစ်ပိဿာ ၁၁၀၀၀ ကျပ် ဖြင့် မြို့တွင်းလက်လီဆိုင်များ ဝယ်ယူမှုသာရှိသည်။

အောင်ပန်းအာလူးများသာ ဝင်ရောက်ခြင်း၊ အဝင်နည်းခြင်း၊ တရုတ်အာလူးများ ဝင်ရောက်မှုမရှိခြင်းကြောင့် အာလူး တစ်ပိဿာ ၂၃၀၀ ကျပ် မှ ၃၅၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ချင်းဈေးနှုန်းအနေဖြင့် ဥမများ လှိုင်လှိုင်ဝင်ရောက်ခြင်း ၊ လမ်းပမ်းဆက်သွယ်ရေးကြောင့် နယ်ဝေးတင်ပို့ရမှုမရှိခြင်း ၊ မြို့တွင်းစားသုံးမှုသာရှိခြင်းကြောင့် ဥမတစ်ပိဿာ ၅၅၀၀ ကျပ် မှ ၄၀၀၀ ကျပ် ၊ အခက်ကြီး တစ်ပိဿာ ၆၅၀၀ ကျပ် မှ ၆၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

## ပဲမျိုးစုံ

မတ်ပဲဈေးနှုန်းမှာ ရေသွင်းပဲများ ဝင်ရောက်မှုရှိပြီး ၃ တင်းတစ်အိတ် ၂၅၅၀၀၀ ကျပ်ဖြင့် ခွဲစက်သမား ဝယ်ယူမှုရှိပြီး ဆောင်းပဲမှာ လက်ကျန်နည်းခြင်းကြောင့် ပြည်ပပို့ရန် အဝယ်နည်းသော်လည်း ၃ တင်းတစ်အိတ် ၃၀၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲတီစိမ်းဈေးနှုန်းအနေဖြင့် ပဲတီစိမ်း(အညာ) မိုးပဲစတင်ဝင်ရောက်စဖြစ်ခြင်း၊ ပဲအရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားခြင်းကြောင့် အရည်အသွေးအနိမ့်ဆုံး ၃ တင်းတစ်အိတ် ၁၆၅၀၀၀ ကျပ် ၊ အကောင်းဆုံး တစ်အိတ် ၂၀၀၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေသည်။

ပဲစဉ်းငုံ(ဖြူ)မှာ ပစ္စည်းရှားခြင်း ၊ အရောင်းအဝယ်ဖြစ်မှုမရှိခြင်းကြောင့် ယခင်အပတ် ဈေးနှုန်း ၃ တင်းတစ်အိတ် ၄၀၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ပဲစဉ်းငုံ(နီ)မှာ လက်ကျန်နည်းခြင်း ၊ ရန်ကုန်ဝယ်လက်နည်းခြင်းကြောင့် တစ်အိတ် ၄၂၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲပုတ် (ရှမ်း/မြန်မာ)တို့မှာ ဆောင်းလက်ကျန်နည်းသွားခြင်း ၊ မိုးပဲစိုက်ပျိုးထားဆဲကာလဖြစ်ခြင်း ၊ လုပ်ငန်းသမား ၊ ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲပုတ်(မြန်မာ) တစ်အိတ် ၂၀၀၀၀၀ ကျပ် မှ ၂၀၅၀၀၀ ကျပ်သို့လည်းကောင်း ၊ ပဲပုတ်(ရှမ်း) ၂၂၀၀၀၀ ကျပ် မှ ၂၂၅၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။

ကုလားပဲဈေးနှုန်းအနေဖြင့် စိုက်ပျိုးချိန်နီးသဖြင့် လှောင်သမား ထုတ်ရောင်းမှုရှိခြင်း ၊ ပဲခွဲစက်များ ဝယ်ယူမှုနည်းသဖြင့် အရောင်းအဝယ်အေးခြင်း ၊ လုပ်ငန်းသမား ပဲကြော်/လှော်သမား အဝယ်နည်းခြင်းကြောင့် ကုလားပဲ(လုံးဖြူကြီး) ၃တင်းတစ်အိတ် ယခင်အပတ် ၂၄၈၀၀၀ ကျပ်မှ ၂၄၃၀၀၀ ကျပ်သို့လည်းကောင်း ၊ လုံးဝါကြီး ၂၃၃၀၀၀ ကျပ် မှ ၂၃၁၀၀၀ ကျပ်သို့လည်းကောင်း ဈေးမသိမသာနိမ့်သွားပြီး ခွဲခြမ်းမှာ တစ်ပိဿာ ၅၈၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲယင်း၊ မြေတောက်ပဲ၊ စားတော်ပဲ(ကျွန်း)တို့မှာ ပစ္စည်းနည်းပြီး အရောင်းအဝယ်အေးခြင်းကြောင့် ပဲယင်း ၃ တင်းတစ်အိတ် အရည်အသွေးအကောင်းဆုံး တစ်အိတ် ၁၅၈၀၀၀ ကျပ်၊ မြေတောက်ပဲ ၃၂၀၀၀၀ ကျပ် ၊ စားတော်ပဲ(ကျွန်း) ၂၈၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲလွန်းဖြူ/ပြာတို့မှာ ဆောင်းပဲလက်ကျန်နည်းပြီး မိုးပဲမဝင်သေးခြင်း ၊ ယခင်အပတ်က တရုတ်ဝယ်လက် အနည်းငယ်ရှိခြင်းကြောင့် ပဲလွန်းဖြူတစ်အိတ် ၂၈၅၀၀၀ ကျပ် ၊ ပဲလွန်းပြာတစ်အိတ် ၂၅၀၀၀၀ ကျပ် အမြင့်ဈေးဖြင့် တည်ငြိမ်နေသည်။

ပဲကြီး(ကြီး/သေး) မိုးနှင့် ဆောင်းကြား စပ်ကူးမတ်ကူးကာလဖြစ်ခြင်း ၊ လက်ကျန်နည်းခြင်း ၊ လုပ်ငန်းသမား အဝယ်ရှိခြင်းကြောင့် ယခင်အပတ် ပဲကြီး(ကြီး) ၃တင်းတစ်အိတ် အရည်အသွေးအကောင်းဆုံး ၂၈၀၀၀၀ ကျပ် မှ ၂၈၅၀၀၀ ကျပ် ၊ ပဲကြီး(သေး) ၂၃၅၀၀၀ ကျပ် ၂၄၀၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။

## ဂုံနှင့်အစေ့ထုတ်ပြောင်း

မန္တလေးပွဲစားကုန်သည်စက်ပိုင်ကထိန်တော်အသင်းတွင် ဂုံ ဈေးနှုန်းမှာ လှောင်သမား ထုတ်ရောင်းမှုရှိခြင်း ၊ ဂုံစက်များ အဝယ်နည်းခြင်းကြောင့် ငါန်းဇွန် ၊ မြို့သာ ၊ မုံရွာ ၊ ဘုတလင် ၊ စစ်ကိုင်း ၊ ဆားတောင် ၊ ရွှေဘို၊ မြင်းမူ၊ မြောင်ဂုံများ ၃တင်းတစ်အိတ် အရည်အသွေးအကောင်းဆုံး ၁၈၅၀၀၀ ကျပ် ၊ ကလေးဂုံ ၁၅၀၀၀၀ ကျပ် ၊ ရှမ်းဂုံ ၁၇၀၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားပြီး ဩစတြေးလျ ဂုံမှုန့် တစ်ပိဿာ ၃၃၀၀ ကျပ် ၊ ဂုံဖွဲတစ်ပိဿာ ၁၃၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

အစေ့ထုတ်ပြောင်းမှာ မိုးပြောင်းစိုက်ထားဆဲဖြစ်ခြင်း၊ အစာစပ်သမားများ ဝယ်ယူမှုပုံမှန်ရှိခြင်း၊ ဆောင်းလက်ကျန်နည်းခြင်းတို့ကြောင့် အရည်အသွေးအကောင်းဆုံး ၃ တင်းတစ်အိတ် ၇၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

စာ-၁၅ သို့

# တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့မှု မြှင့်တင်ရန် ထိုင်း ကြိုးစားနေ

တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိသော ဒူးရင်းသီး ဈေးကွက်ဝေစုကို ထိန်းသိမ်းထားနိုင်ရန် ထိုင်းအာဏာပိုင်များသည် လယ်ယာလုပ်ငန်းခွင်ချဲ့ထွင်ခြင်းနှင့် အဆင့်မြင့်နည်းပညာ အသုံးပြု၍ သစ်သီး အရည်အသွေး မြှင့်တင်ခြင်းအပါအဝင် နည်းလမ်းများစွာကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း သိရှိရသည်။



ထိုင်းအစိုးရသည် သစ်သီးဝလံများ အထူးသဖြင့် ဒူးရင်းသီးတင်ပို့မှုအတွက် အရည်အသွေး ထိန်းချုပ်မှု မူဝါဒများကို တိုးမြှင့်ထားကြောင်း ထိုင်းဝန်ကြီးချုပ်ရုံး၏ ပြောရေးဆိုခွင့်ရှိသူ Chai Wacharonke က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ ဒူးရင်းသီး၏ အရည်အသွေးကို အာမခံပြီး ပိုးသတ်ဆေးဓာတ်ကြွင်းအလွန်အကျွံမဖြစ်စေရန် တင်းကြပ်သော စီမံခန့်ခွဲမှုနှင့် အရည်အသွေးထိန်းချုပ်မှု စံနှုန်းများကို ချမှတ်ထား ကြောင်း သိရှိရပါသည်။

မရင့်မှည့်သေးသောဒူးရင်းသီးများ ခူးဆွတ်ရောင်းချခြင်းကို တားမြစ်ထားသော ဥပဒေသည် ထိုင်းဒူးရင်းသီးတင်ပို့မှုအတွက် အရည်အသွေးပိုင်းထိန်းသိမ်းခြင်းနှင့် စံချိန်စံညွှန်းသတ်မှတ်ခြင်း နှစ်ခုစလုံးကို လုပ်ဆောင်နိုင်လိမ့်မည်ဟု Chai က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ အနာဂတ်၌ ဒူးရင်းသီးစားသုံးမှုသည် လက်ရှိပမာဏထက် ၁၅ ဆ တိုးလာကာ တန်ချိန် ၁၅ သန်းခန့်အထိ တိုး လာ မ ည် ဖြ စ် ကြော င်း နှ င့် ဒူးရင်းသီးတင်ပို့မှုတန်ဖိုး ဘတ် ၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၇ ဒသမ၂၃ ဘီလီယံ)အထိ သိသိသာသာ တိုးမြှင့်နိုင်မည်ဟု ထိုင်းအစိုးရက မျှော်မှန်းထားကြောင်း Chai က ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံမှ တင်သွင်းသည့် လတ်လတ်ဆတ်ဆတ် ဒူးရင်းသီးတန်ချိန် ၁ ဒသမ ၄၂ သန်းရှိပြီး ထိုင်းက ၆၅ ရာခိုင်နှုန်း၊ ဗီယက်နမ်က ၃၅ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်က ၁ ရာခိုင်နှုန်းအောက်သာ တင်သွင်းခဲ့ကြောင်း တရုတ်အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ သိရှိရသည်။

ထိုင်းနိုင်ငံအတွက် စိန်ခေါ်မှုများရှိနေသော်လည်း တရုတ်နိုင်ငံသို့ ထိုင်းဒူးရင်းသီး တင်ပို့မှု တန်ဖိုးသည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံအထိ မြင့်တက်လာမည်ဖြစ်ပြီး ယခင် နှစ်ကထက် ၁၂ ရာခိုင်နှုန်း တိုးလာမည်ဟု ဘဏ်ကောက်အခြေစိုက် Kasikorn သုတေသနစင်တာမှ ခန့်မှန်းထားသည်။

တရုတ်သို့ ဒူးရင်းသီးတင်ပို့မှု ထိပ်တန်းနိုင်ငံအဖြစ် ဆက်လက်ထိန်းသိမ်း ထားနိုင်ရန်အတွက် ထိုင်းနိုင်ငံ၏ ဒူးရင်းသီး အဓိကစိုက်ပျိုးထုတ်လုပ်သည့် ဒေသများသည် ဒူးရင်း အရည်အသွေးမြှင့်တင်ရန် နည်းပညာအကူအညီကို ရှာဖွေလျက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ်က ထိုင်းနိုင်ငံရှိ Commercial Association for Sustainability of Agriculture သည် ထိုင်းနိုင်ငံအနောက်ပိုင်း ချန်သဘူရီခရိုင်တွင် ဒူးရင်းခြံများ တည်ဆောက်ရန်အတွက် ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံခြားစီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးဗဟိုဌာန (Foreign Economic Cooperation Center-FECC) နှင့် ပူးပေါင်းဆောင် ရွက်ခဲ့ကြောင်း သိရှိရသည်။

တရုတ်သိပ္ပံပညာရှင်များသည် အဆိုပါပြည်နယ်ရှိ ရှေ့ပြေးဥယျာဉ်ခြံအများအပြားတွင် မိုးလေဝသ၊ ရေမျက်နှာပြင်နှင့် မြေဆီလွှာအစိုဓာတ်ကို စောင့်ကြည့်ရန်အတွက် စက်ကိရိယာများ တပ်ဆင်ရန် ကူညီပေးခဲ့ကြောင်း၊ ယင်းစက်ကိရိယာများသည် ဒူးရင်းသီးကို သိပ္ပံနည်းကျစိုက်ပျိုးခြင်းနှင့် အသီးအရည်အသွေး မြှ င့် တ င် ခြ င်း အ တွ က် အ ချ က် အလက်များ ပံ့ပိုးပေးနိုင်ကြောင်း သိရှိရသည်။

ထို့အပြင် တရုတ်ဈေးကွက်သို့ ပိုမိုဝင်ရောက်နိုင်စေရန်အတွက် FECC သည် အွန်လိုင်း ရောင်းချမှုများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုက်ရိုက်ထုတ်လွှင့်ခြင်းများ လုပ်ဆောင်ရန် တရုတ်နိုင်ငံ၏ e-commerce ပ လ က် ဖော င်း များ နှ င့် ပူး ပေါ င်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံတောင်ပိုင်း Chumphon ပြည်နယ်ကဲ့သို့ အခြားသော ဒူးရင်းသီး အဓိကစိုက်ပျိုး ထုတ်လုပ်သည့် ဒေသများမှဒေသဆိုင်ရာအာဏာပိုင်များသည် ၎င်းတို့၏အမှတ်တံဆိပ်ကို မြှင့်တင်ရန်ပွဲတော်များ ကျင်းပခြင်းဖြင့် သစ်သီးကုန်သွယ်မှုကို မြှင့်တင်လျက်ရှိရာ ပြီးခဲ့သည့် သီတင်းပတ်က Chumphon တွင် ဒူးရင်းပွဲတော်ကို ကျင်းပခဲ့ပြီး တရုတ်ကုန်စည် ပို့ဆောင်ရေးကုမ္ပဏီများနှင့် သစ်သီးရောင်းဝယ်ရေးလုပ်ငန်းရှင်များကို ဖိတ်ကြားခဲ့ကြောင်း၊ ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်အုပ်ချုပ်ရေးမှူး Wisah Poolsirirat က ယခုနှစ်တွင် ဒူးရင်းသီးတန်ချိန် ၂၅၀,၀၀၀ ထွက်ရှိမည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် ဘတ် ၃၃ ဘီလီယံကျော် ဝင်ငွေရရှိစေမည်ဖြစ်ကြောင်း၊ ဒူးရင်းသီး စိုက်ပျိုးသည့် ဧရိယာ တိုးချဲ့ခြင်းသည် အဓိကအားဖြင့် ကုန်သွယ်ဖက်နိုင်ငံများမှ လိုအပ်ချက်များ တိုးပွားလာနေခြင်းကြောင့်ဖြစ်ပြီး ၎င်းတို့အနက်မှ ၇၀ ရာခိုင်နှုန်းသည် တရုတ် နိုင်ငံမှဖြစ်ကြောင်း Wisah က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ဒူးရင်းသီးအရည်အသွေးကို ပိုမိုတိုးတက်စေပြီး တရုတ်ဖောက်သည်များအကြားတွင် ထိပ်တန်းအမှတ်တံဆိပ်တစ်ခုဖြစ်လာစေရန် လုပ်ဆောင်သွားမည်ဟု ၎င်းကထပ်မံပြောကြားခဲ့ကြောင်း သိရှိရသည်။

**ကေခိုင်ကျော်၊**

https://www.chinadaily.com.cn/a/202406/20/WS66740d48a31095c51c509fdf.html

## ငါးသယံဇာတ တိုးပွားစေရေး ပန်းလောင်မြစ်အတွင်း ငါးမျိုးများစိုက်ထည့်ပေး

ဇူလိုင် ၁

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ်၊ နွားကူးကြီးကျေးရွာအနီး၊ ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်း အနား ကို ဇွန် ၃၀ ရက် နံနက်ပိုင်းက နွားကူးကြီး ကျေးရွာအနီး၊ ပန်းလောင်မြစ်အနီး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအရှိန်းသူနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကူမဲမြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်၊ ကျောက်ဆည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကူမဲငါးလုပ်ငန်းစခန်း တာဝန်ခံဦးစောအောင်ကိုလတ်နှင့် ဝန်ထမ်းများက ငါးမြစ်ချင်းသားပေါက်ကောင်ရေ နှစ်သိန်း၊ ငါးခုံးမကြီး သားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ငါးကောင်ရေ သုံးသိန်းကို ပန်းလောင်မြစ် အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

DOF



# သဘာဝကပေးအစာနှင့်ဆေး



# ဂုံပင်

ကြေးမုံငယ်

ဂုံပင်ဟု လူသိများသည့် အပင်ကို ဂုံချိုဟုလည်း ခေါ်ကြပြီး ယင်း၏ အင်္ဂလိပ်အမည်မှာ Cork Swallow-Wort ဟု ခေါ်ဆိုကြပြီး ရုက္ခဗေဒ အမည်မှာ Leptadenia reticulata (Retz.) Wight & Arn. ဖြစ်ကာ မျိုးရင်း Apocynaceae တွင်ပါဝင်၏။ ဂုံချိုပင်သည် မဒါဂစ္စကာအပါ အဝင် အာဖရိကနိုင်ငံများ၊ အနောက် တောင် အာရှနိုင်ငံများနှင့် အိန္ဒိယ တိုက်ငယ်တို့မှစတင်ဖြစ်ထွန်းပေါက် ရောက်ခဲ့၏။ နောက်ပိုင်းတွင် အပူပိုင်းနှင့် အပူလျော့ပိုင်း ရာသီဥတုရှိသော မြန်မာ၊ နီပေါလ်၊ သီရိလင်္ကာ၊ မလေးကျွန်းဆွယ်၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နှင့် မော်ရေးရှပ်နိုင်ငံတို့တွင် ပျံ့နှံ့ပေါက်ပွား ဖြစ်ထွန်း၏။

ဂုံပင်သည် သစ်မာနွယ်ပင်အမျိုး အစားဖြစ်ပြီး အပင်အမြင့်ကြီးအထိ တွယ်တက် ပေါက်ရောက်တတ် သကဲ့သို့ တစ်ခါတစ်ရံတွင် ကြီးမားသော ချုံပင်ကြီးအဖြစ် ရှင်သန်ကြီး ထွား ပေါက် ရောက် တတ် ကြ ၏။ ဂုံပင်သည် ကိုင်းဖြာပြီး အကိုင်း၏ အဆစ်လေးများတွင် စိမ်းဝါရောင်ရှိ သည့်ပန်းပွင့်လေးများ အဆုပ်လိုက် ပွင့်သည့် အပင်မျိုးဖြစ်၏။ အနွယ်တွင် အခေါက်မှာဝါညိုရောင်ရှိ၏။ အရွက်ကျယ်၍ အနားတွင် ခွေးသွား စိတ်ရာရှိသည်။အရွက်ထူ၍ တောက်ပ ၏။ အသီးအပေါ်ဘက်မှာ ချော၍ အစေ့ရှိ၏။

ဂုံပင်တွင်ပါဝင်သည့် သတ္တုဓာတ်များ၊ ဗီတာမင်များနှင့် တန်ဖိုးမြင့်သည့် အာဟာရဓာတ်များစွာပါဝင် သည့် အတွက် ဂုံပင်မှ ရရှိသည့် အရွက်၊ အညွန့်၊ အဖူး၊ အပွင့်တို့ကို ဟင်းသီးဟင်းရွက်အဖြစ် စားသုံးရုံမျှ မက တန်ဖိုးထိုက်သည့် ဆေးဖက်ဝင် အပင်အဖြစ် လူသိများကြ၏။ အာ ဟာရဓာတ်ပေါကြွယ်ဝသည့် ဂုံပင်မှ ရရှိသည့် အစိတ်အပိုင်းများသည် ခန္ဓာကိုယ်ကြံ့ခိုင်ကျန်းမာစေခြင်းနှင့် ရောဂါပိုးများစွာကို တိုက်ဖျက်ပေး ရာတွင် အထောက်အကူ ပြုပေး



နိုင်၏။ ထို့မျှသာမက အရွယ်တင်န ပျို စေ ခြ င်း ၊ မှ တ် ဉာ ဏ် အား ကို ကောင်း မွန်စေခြင်း၊ အသက်ကိုရှည် စေခြင်း၊ ကိုယ်ခံစွမ်းအား စနစ်ကို တိုးပွားစေလာခြင်းတို့ကိုရရှိစေနိုင် ၏။

ဂုံပင်၏ အစိတ်အပိုင်းအားလုံး ပဥ္စငါးပါးလုံးဆေးဖက်ဝင်၏။ ဂုံပင်မှ ရရှိသည့် အစိတ်အပိုင်းများကို စား သုံးခြင်းဖြင့် သွေးကြောများကို ပျော့ပြောင်းစေခြင်း၊ စိတ်ကို ပျော်ရွှင်စေ ခြင်း၊ သန္ဓေသားခိုင်မြဲစေခြင်း၊ အစာ ဓာတ်မတည့်ခြင်းမှ သက်သာစေ ခြင်း၊ ကင်ဆာရောဂါဖြစ်ပွားနိုင်ချေ မှ ကင်းလွတ်စေခြင်း၊ အဏုဇီဝ ပိုးမွှားများကိုဆန့်ကျင်နိုင်စွမ်းရှိခြင်း၊ နှလုံးသွေးကြောများကို လှုံ့ဆော် ပေးနိုင်ခြင်းတို့ကို ပေးစွမ်းနိုင်၏။

- ဂုံရွက်အညွန့်အဖူးအပွင့်များကို ပုံ မှန်စားသုံးပေးခြင်းဖြင့် သွေးလွတ် ကြော၊ သွေးပြန်ကြောများ၏ နံရံ များရှိ ကြွက်သားဆဲလ်များကို ချော မွတ်စေပြီး သွေးကြောကိုကျယ်စေ ရန် အထောက်အကူပြုစေနိုင်သည့် အတွက် နှလုံးသွေးကြောကျဉ်းခြင်း မှ ကာကွယ်ပေးပြီး သွေးစီးဆင်းမှု ကို ကောင်းမွန်စေ၏။

- စိတ်ဖိစီးမှုများခြင်း၊ စိုးရိမ်ပူပန်မှု များခြင်း၊ စိတ်ကယောင်ချောက်ချား ဖြစ်ခြင်း၊စိတ်အတက်အကျဖြစ်ခြင်း၊ စိတ်ခံစားလွယ်ခြင်း၊ ဝမ်းနည်းတတ် ခြင်း၊ အစာစားလိုစိတ်လျော့ကျခြင်း နှင့် ညဖက်အိပ်မပျော်ခြင်း အစရှိ သည့် ဝေဒနာများအတွက် ဂုံပင် အစိတ်အပိုင်းများကို ဆေးဝါးအဖြစ် ဖော်စပ်အသုံးပြုကြ၏။

- ခန္ဓာကိုယ်ကြံ့ခိုင်ကျန်းမာသန်စွမ်း စေခြင်း၏ အဓိကအရင်းအမြစ်ဖြစ် သည့် ကိုယ်ခံစွမ်းအားကောင်းမွန် စေခြင်း အတွက် ဂုံရွက်အညွန့်အဖူး အပွင့်တို့ကို စားသုံးပေးသင့်၏။

- နှာခေါင်းသွေးလျှံခြင်း၊ အပူလောင် နာ ဖြစ် ခြင်း၊ အူ သိမ် အူ မ များ ရောင် ရမ်းနာကျင်ခြင်း၊ ဝမ်းပျက်ဝမ်းလျှော



ဖြစ် ခြင်းတို့အတွက်လည်း စုပ်ယူနိုင် စွမ်းအားကောင်းမွန်သည့် ဂုံပင်၏ အစိတ်အပိုင်းများကို ဆေးဖက်ဝင် အဖြစ် စားသုံးပေးနိုင်၏။

- ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ဂုံ ရွ က် အ ညွှ န့် အ ဖူး အ ပွ င့် များ ကို ဟင်းသီးဟင်းရွက်အဖြစ် စားသုံးပေး ခြင်း ဖြင့် လနစ္စဉ် မကြာခဏ သား လျောခြင်းမှ ကာကွယ်ပေးနိုင်စွမ်း ရှိ၏။

- မျိုးဆက်ပွားခြင်းအတွက် အရေးပါ သည့် အမျိုးသားများ၏ သုက်ပိုး အရေအတွက်နှင့် လှုပ်ရှားနိုင်မှု စွမ်းအား ကောင်းစေရန် ဂုံရွက်ညွန့် ဖူးပွင့်တို့ကို စားသုံးပေးနိုင်၏။

- ဂုံအရွက်ညွှန့်အဖူးအပွင့်တို့ကို စား သုံးပေးခြင်း ရောင်ရမ်းနာကျင်ခြင်း များ၊ ဖူး ရော င် နာ ခြ င်း တို့ အ တွ က် ကိုယ်လက်ရောင်ရမ်းနာကျင်ခြင်း ကို ဆန့်ကျင်နိုင်စွမ်းကို ရရှိနိုင်၏။ ချွဲ သ လိပ် ကို ပ ယ် စေ တ တ် သ ည့် အ တွက် ချောင်းဆိုး၊ ပန်းနာရင်ကျပ် ဖြစ်ခြင်းမှလည်း သက်သာစေနိုင်၏။

- သွေးတိုးတတ်သူများအတွက် ဂုံ အရွက်ညွန့်အဖူးအပွင့်များကို ပုံမှန် စားသုံးပေးခြင်းဖြင့် သွေးဖိအားကို ပုံ မှန်ဖြစ်စေနိုင်၏။

- ဂုံအရွက်အညွှန့်အဖူးအပွင့်များ သည် အမြင်ကြည်လင်စေခြင်းနှင့် မျက်လုံးအားကောင်းခြင်းကိုပေးစွမ်း နိုင်၏။

- ဂုံအရွက်အညွှန့်အဖူးအပွင့်များကို စား သုံး ခြ င်း ဖြ င့် နို့ တို က် မိ ခ င် များ အတွက် သဘာဝအတိုင်း မိခင် နို့ လို င် စေ ခြ င်း ကို ပေး စွ မ်း နို င် ၏ ။ က လေး င ယ် များ အ တွ က် လ ည်း ကိုယ်အလေးချိန်ကို တိုးစေနိုင်၏။

- ဆီးပူခြင်း၊ ဆီးသွားရာတွင် အချိန် ကြာခြင်း၊ဆီးမကုန်ခြင်းတို့အတွက် ဂုံအရွက်အညွှန့်အဖူးအပွင့်များကို ပုံ မှန်စားသုံးပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။

- ဂုံအရွက်အညွှန့်အဖူးအပွင့်များကို စားသုံးပေးခြင်းဖြင့် ကင်ဆာဖြစ်စေ နိုင်သည့်ဆဲလ်များနှင့် အဖုအကျိတ် များ ဖြစ်စေနိုင်စွမ်းကို လျော့ကျစေ နိုင်စွမ်းရှိ၏။

ဂုံချိုပင်မှ ရရှိသည့် အရွက် အညွှန့်အဖူးအပွင့်များ၊ အနွယ်မှ အခေါက်များတို့ကို ဟင်းသီးဟင်း ရွက်အဖြစ် စားသုံးတတ်ကြ၏။

- ဂုံအရွက်အညွှန့်အဖူးအပွင့်တို့ကို သန့်စင်အောင်ဆေးကြောပြီးနောက် ပွက်ပွက်ဆူနေသော ရေထဲသို့ ထည့် ကာ ၂ မိနစ်ခန့်ပြုတ်ပြီးလျှင် ပြန် ဆယ်ယူပါ။ ပြီးလျှင် ရေစင်အောင် ညှစ်ပြီးနောက် ပါးပါးလှီးကာ ပါးပါး လှီးထားသော ကြက်သွန်နီ၊ ဆား၊ ဟင်းခတ်မှုန့် အနည်းငယ်၊ ပါးပါးလှီး ထားသောငရုတ်သီးစိမ်း၊ ဆီချက်၊ မြေပဲလှော်ထောင်း၊ နှမ်းလှော်၊ သံပ ရာရည်ညှစ်ပြီး သမအောင် ရောနယ် ပေးပါ။ ဆေးဖက်လည်းဝင်၊ ခံတွင်း မြိန်စေသည့် သဘာဝဆေးဖက်ဝင် ဂုံရွက်သုပ်လေးကို ပြင်ဆင်စားသုံး နိုင်၏။

- ဂုံအရွက်အညွှန့်အဖူးတို့ကို ရေနွေး ဖျောပြီး တို့စရာအဖြစ် ငါးပိရည်ကျို၊ ငါးပိထောင်း၊ ငါးပိသုပ်၊ ငံပြာရည် ချက်၊ ခရမ်းချဉ်သီးထောင်း၊ ငါးပိ ချက်၊ ငရုတ်သီးထောင်း အစရှိသည် တို့နှင့် တွဲဖက်ကာ စားသုံးတတ် ကြ၏။

- ဂုံအရွက်အညွှန့်အဖူးတို့ကို ခြံစည်း ရိုးအရွက်ဟု တင်စားခေါ်ဝေါ်တတ် သည့် အခြားသော သဘာဝအ လျှောက် ပေါက်ရောက်သည့် အရွက် များ ဖြစ်သည့် ကင်းပုံရွက်၊ ကျီးအာ ရွက်၊ ပီလောရွက်၊ ဆူးပုပ်ရွက် စသည်တို့နှင့် အတူရောကာ ကြက် သွန်ဖြူခြားပြားရိုက် ဆီသတ်ကာ ကြော်ချက် ချက်စားနိုင်၏။

- ကြက်ရိုးပြုတ်ရည် သို့မဟုတ် ငါး စွပ်ပြုတ်ရည် အစရှိသည်တို့ထဲတွင် လည်း ဂုံအရွက်အညွှန့်အဖူးတို့ကို ခပ်ပြီး ဟင်းချိုချက်သောက်ခြင်းဖြင့် ခွန်အားကိုတိုးစေပြီးကိုယ်ခံစွမ်းအား ကောင်းစေ၏။

-ပဲဟင်းချိုချက်သည့်အခါတွင်လည်း ဂုံအရွက်အညွှန့်အဖူးကိုခပ်ပြီးစား သုံးနိုင်၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရား မှ ပေးသည့် လက်ဆောင်မွန် ဂုံချို ပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသ အလိုက် မတူညီကွဲပြားသည့် ချက် ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံး ခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေ ပြီး ကျ န်း မာ ရေး အ ကျိုး ကျေး ဇူး ကောင်းများကို ရရှိနိုင်မည်ဖြစ်၏။



စာ-၁၀ မှ

(ဃ-၈) အသုံးချဓါတ်ရောင်ခြည်နှင့် အိုင်ဆိုတုတ်ဌာန (Department of Applied Radiation and Isotopes)

(ဃ-၉) ကွန်ပြူတာသိပ္ပံဌာန (Department of Computer Science)

(ဃ-၁၀) မြေသယံဇာတဌာန (Department of Earth Sciences - မြေဆီလွှာ (Soil)၊ ပထဝီ (Geography)၊ ဘူမိဗေဒ (Geology) တို့ပူးတွဲပါဝင်ပါသည်)။

(ဃ-၁၁) ဓါတ်သတ္တုများဆိုင်ရာသိပ္ပံဌာန (Department of Materials Science)

(ဃ-၁၂) စာရင်းအင်းပညာဌာန (Department of Statistics)

(ဃ-၁၃) သတ္တဗေဒဌာန (Department of Zoology) တို့စုံလင်အောင်ပါဝင်ပါသည်။

ဤဌာနများမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောပညာနှင့် ပတ်ဝန်းကျင်သိပ္ပံ တို့ကိုအထောက်အကူပြု သုတေသနပညာရှင်များက ဘက်ပေါင်းစုံမှထောက်ပံ့ပေးနိုင်ပါသည်။ မြန်မာနိုင်ငံ ရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊သစ်တောတက္ကသိုလ်များ တွင်အခြေခံသိပ္ပံဌာနငယ်ကလေးများအဖြစ် ပထမနှစ်သင်ကြားရေးလောက်သာ ရှိနေပြီး သုတေသနတွေပါလုပ်နိုင်ပြီး သက်ဆိုင်ရာ ဘာသာ ဘွဲ့ ပေးနိုင်သည့် ပါမောက္ခ အဆင့်ဌာနကြီးများ ဆိုလျှင်တော့ အလွန်ကောင်းမွန်ပါလိမ့်မည်။ သိပ္ပံမဟာဌာန အောက်ရှိ တစ်ချို့ဌာနများမှာ စုစုစည်းစည်း ရှိနေရပါမည်။ ကျောင်းသားပေါင်း ၃၅၀၀ ကျော် ပညာ သင်ကြားလျှက်ရှိနေပါသည်။

စိုက်ပျိုးမွေးမြူရေးနှင့် ဆက်စပ်နေသော အခြားမဟာဌာနများမှာ-

(င) **ငါးလုပ်ငန်းပညာ မဟာဌာန (Faculty of Fisheries)**

ဤ မဟာဌာန ကြီးကြပ်မှုအောက်တွင်-

(င-၁) ငါးပုဇွန်မွေးမြူရေးစီမံခန့်ခွဲမှုဌာန (Department of Fishery Management)

(င-၂) ငါး၊ ပုဇွန်ဇီဝဗေဒ ပညာဌာန (Department of Fishery Biology)

(င- ၃) ငါးပုဇွန်ထုတ်ကုန်ဌာန (Department of Fishery Products)

(င-၄) ရေလုပ်ငန်းပညာဌာန (Department of Aquaculture)

(င-၅) အဏ္ဏာဝါသိပ္ပံပညာဌာန (Department of Marine Science) စသည်တို့ဖြစ်ပါသည်။

ကျောင်းသားသူပေါင်း ၁၃၀၀ ကျော် ပညာသင်ကြား လျှက်ရှိ နေပါသည်။ ကျွန်တော်တို့နိုင်ငံရန်ကုန်တက္ကသိုလ်တွင် ငါး၊ ပုဇွန်မွေးမြူရေး နှင့် ရေလုပ်ငန်းပညာ ဘွဲ့ကြိုသင် တန်းစတင်ဖွင့်လှစ်ပြီး ၂၀၂၄-ခုနှစ်တွင် စတုတ္ထနှစ်/နောက်ဆုံးနှစ်တော့ ရောက်နေပြီထင်ပါသည်၊ ဘွဲ့လွန်သုတေသနမှာလည်း ဆရာ၊ ဆရာမ ၄-၅ ဦးခန့်တော့ သုတေသနပြုနေပါပြီ၊ သို့သော် ထိုင်းနိုင်ငံ ကက်ဆာဆပ်တက္ကသိုလ် လောက်တော့ တစ်နေရာတည်းတွင် စုစုစည်းစည်းမရှိသေးပါ။ ငါးလုပ်ငန်းပညာ မဟာဌာနသည် အကြီးကြီးဖြစ်ပါသည်၊

(စ) **သစ်တောပညာမဟာဌာန (Faculty of Forestry)**

ဤ မဟာဌာန ကြီးကြပ်မှုအောက်တွင်

(စ-၁) သစ်တောစီမံအုပ်ချုပ်မှုပညာဌာန (Department of Forest Management)

(စ-၂) သစ်တောဇီဝဗေဒဌာန (Department of Forest Biology)

(စ-၃) သစ်တောအင်ဂျင်နီယာပညာဌာန (Department of Forest Engineering)

(စ-၄) သစ်နှင့်သစ်ထွက် ပစ္စည်းဌာန (Department of Forest Products)

(စ-၅) သစ်ပင်၊ သစ်တောများ စိုက်ပျိုးပြုစုရေးပညာဌာန (Department of Silviculture)

(စ-၆) သစ်တောများထိမ်းသိမ်းရေး ပညာ ဌာန (Department of Forest Conservation) တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံ သစ်တောနှင့် ပတ်ဝန်းကျင်သိပ္ပံတက္ကသိုလ်တွင်ပင် တစ်ချို့ ဘာသာရပ်များဌာန အနေနှင့် မရှိပါ။ တစ်နှစ်လျှင် သစ်တောကျောင်းသား၊ ကျောင်းသူ ၁၀၀-၁၅၀ ခန့် (တက္ကသိုလ် တစ်ခုလုံးကျောင်းသား၊ ကျောင်းသူ (စုစုပေါင်း ၅၀၀-၆၀၀ ခန့်) နှင့်ကက်ဆက်ဆပ်တက္ကသိုလ်၏ဘန်ကင်းနယ်မြေတစ်ခုတည်းရှိ သစ်တော ကျောင်းသား၊ ကျောင်းသူများ အရေအတွက်ကိုနှိုင်းယှဉ်နိုင်ပါသည်။ ဘန်ကင်းနယ်မြေ တစ်ခုတည်း သစ်တောပညာမဟာဌာန၌ကျောင်းသား၊ ကျောင်းသူ ပေါင်း ၁၆၀၀ ကျော် သင်ကြား၊ သုတေသနပြုလျှက်ရှိပါသည်၊ ကျွန်တော့်မိတ်ဆွေ ထိုတက္ကသိုလ် လက်ရှိ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ချွန်ဂရပ် ဝါချိန်ရတ် (Professor Dr Chongrak Wachrinrat) မှာ သစ်တောသိပ္ပံပညာရှင်ပါ။

(ဆက်လက်ဖော်ပြပါမည်)

စာ-၉ မှ

ဝင်ငါးဖမ်းဆီးမှုများဖြစ်သည့် အဆိပ်ချဖမ်းဆီးခြင်း၊ လျှပ်စစ်ရှော့တိုက်ငါးဖမ်းနည်းများကို ကာကွယ် ကြရပါမည်။

ဆွေးနွေးပွဲတွင် "အင်းလုပ်ငန်းရေရှည် တည်တံ့ရေးနှင့် အင်းငါးထုတ်လုပ်မှု တိုးတက်ရေး" သာမက စိုက်ပျိုးရေးနှင့်မွေးမြူရေး ကဏ္ဍနှစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့်ရေရှည်တည်တံ့ရေးအတွက် မျှော်မှန်းထားကြောင်းတွေ့ရှိရပါသည်။ မျှော်မှန်းချက် နှင့် အညီ "လက်ရှိနေပြည်သူများအတွက် စားရေရိက္ခာဖူလုံစေရေးအတွက်သာမက စိုက်ပျိုးမြေများ၊ ငါးလုပ်ငန်းရေပြင်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းဖြင့် နောင်အနာဂတ် မျိုးဆက်များအတွက် စားရေရိက္ခာဖူလုံစွာရရှိစေရေး၊ ပြည်ပသွင်းကုန်လျှော့ချ၍ ပြည်ပပို့ကုန်တိုးမြင့် တင်ပို့နိုင်ရေး" တို့ကို ဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုလျက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးဆောင်ကျင်းပလျက်ရှိသည့် **လယ်ယာကဏ္ဍဆိုင်ရာဆွေးနွေးအဖြေရှာဗုဒ္ဓဟူးနေ့စကားဝိုင်း**အား ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကိုရွှေမန်း(မန္တလေး)**



# ၆ တန်းသွား Kubota ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲ ဘိုကလေးတွင် ကျင်းပ

ဘိုကလေး ဇူလိုင် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ ခရိုင် အမှတ်-၇၅ စက်မှုလယ်ယာစခန်း ကျိုက်လတ်မြို့မှ ဘိုကလေးမြို့နယ် သက်ံဝကျေးရွာရှိ တောင်သူဦးတင်စိုး၏ကွင်းအမှတ် ၇၀၉ ဦးပိုင်အမှတ် ၁၀ ရှိလယ်မြေ ၂ ဧကတွင် ၆ တန်းသွား Kubota ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇူလိုင် ၁၂ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါသရုပ်ပြပွဲသို့ ဖျာပုံခရိုင်အုပ် ချုပ်ရေးမှူး ဦးထင်လင်း၊ ဘိုကလေးမြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် တောင်သူ ၅၀ ဦး ခန့် စုစုပေါင်း ၈၀ ဦးတက်ရောက်အားပေးကြသည်။

ခရိုင်စက်မှုလယ်ယာဦးစီးမှူးဦးဇော်ထွန်းမှ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးရခြင်း ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားပြီး တက်ရောက်လာသော တောင်သူများ၏ဆွေးနွေးမေးမြန်းချက်များအား ခရိုင်အုပ်ချုပ်ရေးမှူးခရိုင်စက်မှုလယ်ယာဦးစီးမှူးနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးမှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ AMD

စာ-၁၂ မှ

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံ

မန္တလေး သီရိမာလာနှင့် ကိုင်းတန်းဈေးတို့တွင် ခရမ်းချဉ်၊ ထိုင်ဝမ်နှင့် ဗမာသီးများ မဝင်သေးခြင်း၊ ရှမ်းတောင်တစ်မျိုးထဲသာရှိခြင်းကြောင့် ၂၀ ပိဿာ တစ်သေတ္တာ ၈၀၀၀၀ကျပ် မှ ၉၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ငရုတ်စို(ရှည်)မှာ မုံရွာ၊ ချောင်းဦး စိုက်ခင်းများ ရေဝင်၍ ထွက်ရှိမှုမရှိတော့ခြင်း၊ မိတ္ထီလာ၊ ရမည်းသင်း၊ တပ်ကုန်းတို့မှဝင်ရောက်ခြင်းကြောင့် လုပ်ငန်းသမား အဝယ်နည်းသော်လည်း တစ်ပိဿာ ၂၇၀၀ ကျပ်ဖြင့် ဈေးငြိမ်နေပြီး ငရုတ်စို(လတ်)မှာ ပြင်ဦးလွင်အတက် ပေပင်ရွာမှ ထွက်ရှိခြင်း၊ ငပိထောင်းလက်ဖက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၃၅၀၀ ကျပ်မှ ၄၅၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ယခုအပတ် ဖရဲသီးများ ချောင်းဦးဘက်မှ ဝင်ရောက်ပြီး အရွယ်အစားပေါ်မူတည်၍ ၆၀၀ ကျပ်မှ ၂၅၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းချသည်။ ပြင်ဦးလွင်မှ နာနတ်သီးများလှိုင်လှိုင်ဝင်ရောက်ပြီး တစ်လုံးလျှင် အရည်အသွေးပေါ်မူတည်၍ ၈၀၀ ကျပ် မှ ၁၀၀၀ ကျပ်ထိဖြင့် လက်လီသမားနှင့် နာနတ်ယိုသမားများ အဝယ်ရှိသည်။ သခွားမွှေး၊ ရွှေသခွားများလည်း အဝင်နည်းခြင်း၊ အမှာရှိသောမြို့များသို့ တင်ပို့ရခြင်းကြောင့် ၄ လုံးတစ်ဖာလျှင် ၁၆၀၀၀ ကျပ်ထိ ဈေးမြင့်နေသည်။

**ခင်မေကြည်**

သီးနှံထုတ်လုပ်မှု အစဉ်တိုးတက်ဖို့

# မြေဆီ လွှာကျန်းမာရေး ဂရုတစိုက်ဆောင်ရွက်ပေး

ဒေါက်တာ ရွှေလုံး

သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရန် မြေဆီ လွှာ၏ အာဟာရဓာတ်အခြေအနေကို သိရှိထားရန် လိုအပ်ပါသည်။ သို့မှသာ မိမိမျှော်မှန်းထားသော ပန်းတိုင်အထွက်ကို ရရှိနိုင်မည်ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံတွင် စိုက်ပျိုးမြေအများစု၌ သစ်ဆွေးဓာတ်ပါဝင်မှု ၂ ရာခိုင်နှုန်း နည်းပါးလာသည်ကိုတွေ့ရှိရသည်။ သဘာဝမြေဩဇာများဖြစ်ကြသော တိရစ္ဆာန် အညစ်အကြေးများ၊ သစ်ရွက်ဆွေးမြေဆွေးမြေဩဇာများနှင့် သီးနှံပင်အကြွင်းအကျန်များ ပြန် လည်ထည့်သွင်းမှု နည်းပါးခြင်း၊ ဓာတ်မြေဩဇာလုံလောက်စွာ မထည့်ဘဲ စိုက်ပျိုးမှုများလာပါက သီးနှံပင်များမှ မြေဆီလွှာအတွင်းရှိ နဂိုရှိရင်းစွဲ အာဟာရဓာတ်များအား ထုတ်ယူသုံးစွဲသွားသဖြင့် မြေတွင် အာဟာရဓာတ်ကုန်ခမ်းပြီး မြေမောလာပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံပင်များ၏ အထွက်နှုန်းများ ကျဆင်းလာပါသည်။ သို့ဖြစ်ပါ၍ မြေဆီလွှာကျန်းမာရေးကောင်းစေရန် အောက်ပါအချက်များကို ဆောင်ရွက်သင့်ပါ သည်-

(က)**သစ်စိမ်းမြေဩဇာစိုက်ပျိုးခြင်း**- ယခုအခါဓာတ်မြေဩဇာရှားပါးပြီး အဆမတန်ဈေးကြီးလာသော အခြေအနေတွင် စိုက်ပျိုးသူတောင်သူများအတွက် ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို ထိန်းသိမ်းနိုင်ရန်နှင့် စိုက်ပျိုး သူတောင်သူများ ဝင်ငွေရရှိစေရန်အတွက် မြေသားဖွဲ့စည်းတည်ဆောက်မှုကို ကောင်းမွန်စေသည့် သစ်စိမ်းမြေဩဇာ စိုက်ပျိုးခြင်းကို တောင်သူများလက်တွေ့အသုံးချ စိုက်ပျိုး သင့်ပါသည်။



(ခ)**ပြောင်းရိုးအားပြန်လည်အသုံးချခြင်း**- ဘိုင်အိုချာသည် သဘာဝ စွန့်ပစ်ပစ္စည်းများနှင့် သီးနှံအကြွင်းအကျန်များကို အပူပေးလောင် ကျွမ်းစေခြင်းမှ ရရှိလာသော ကာဗွန်ကြွယ်ဝသည့် ကွန်ပေါင်းတစ်ခုဖြစ်ပြီး မြေဆီအာဟာရဓာတ်ကိုလည်းတိုးတက်ကောင်းမွန်စေပါသည်။ ဘိုင်အိုချာကို အသုံးပြုခြင်းဖြင့် အာဟာရဓာတ်ဆုံးရှုံးမှုတို့ကို လျော့နည်းစေနိုင်ပြီး စပါးစိုက်ပျိုးရာတွင်မြေခံအဖြစ် ထည့်သွင်းအသုံး ပြုနိုင် သည်။ ဘိုင်အိုချာကို သင့်တော်သောဓာတ်မြေဩဇာများနှင့် ရောစပ် အသုံးပြုခြင်းဖြင့် သီးနှံကြီးထွားဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ် စေနိုင်ပါသည်။





(ဂ) **ကောက်ရိုးအားပြန်လည်အသုံးချခြင်း**- ကောက်ရိုးများကို သီးနှံပင်ရိတ်သိမ်းပြီးနောက် ပြန်လည်ထည့်သွင်းပေးခြင်းဖြင့် သစ်ဆွေးဓာတ်ပါဝင်မှုတိုးလာကာမြေဆီလွှာအာဟာရဓာတ်နှင့် သီးနှံထုတ်လုပ်မှုကို တိုးတက်စေခြင်း၊ မြေနှင့်ရေတိုက်စားမှုအား လျော့ကျစေခြင်း၊ အာဟာရဓာတ်များ ရေစီးကြောင်းဖြင့် တိုက်စားသွားခြင်းနှင့် မြေအောက်သို့ စိမ့်ဝင်ဆုံးရှုံးသွားခြင်းတို့အား လျော့ကျသွားစေသော အကျိုးသက်ရောက်မှုရှိပါသည်။



(ဃ) **ပဲသီးနှံပါဝင်သော သီးနှံပုံစံထည့်သွင်းစိုက်ပျိုးခြင်း**-မြေတစ်နေရာတည်း၌နှစ်စဉ်စပါးပြီးစပါး ဆက်တိုက်စိုက်ပျိုးခြင်းကြောင့် မြေထဲရှိအာဟာရဓာတ်များလျော့နည်းလာတတ်သဖြင့် မြေဆီလွှာအာဟာရဓာတ်ထိန်းသိမ်းရန် စပါးနှစ်သီးအကြားပဲသီးနှံအားထည့်သွင်းစိုက်ပျိုး ပေးသင့်ပါသည်။ စပါး-ပဲ-စပါး သီးနှံပုံစံတွင် မိုးစပါးအပြီးမိုးနှောင်းတွင်စိုက်ပျိုးခဲ့သောပဲသီးနှံ၏ အရိုးအမှော်များမြေတွင်ပြန်လည်ထယ်ထိုးမြေမြှုပ်ခြင်းသည်နွေစပါးအတွက် အထောက်အကူဖြစ်စေပြီးမိုးနှောင်းမြေလှပ်ထားခြင်းထက် စပါးအထွက် ၃ ရာခိုင်နှုန်း မှ ၁၉ ရာခိုင်နှုန်း ပိုသည်ကိုတွေ့ရှိခဲ့ရပါသည်။



(င) **စပါးခွံဖွဲပြာထည့်သွင်းအသုံးပြုခြင်း**-အချဉ်ဖက်ယိုင်သောမြေများတွင် စပါးခွံများကိုလောင်ကျွမ်းသွားအောင် မီးရှို့ခြင်းမပြုဘဲ မဲသွားရုံသာ မီးလောင်စေ၍ ထိုစပါးခွံဖွဲပြာကို တစ်ဧက ၅ တန် နှုန်း ထည့်ပေးခြင်းဖြင့် စပါး ၃ တင်း (၅ ရာခိုင်နှုန်း) ပိုထွက်စေပါသည်။ စပါးခွံဖွဲပြာကို တစ်ဧက ၅ တန်နှုန်း ၃ ကြိမ် ဆက်တိုက် ထည့်သွင်းသုံးစွဲပါက မြေ၏ ချဉ်/ငန်ဓာတ်မှာ ၄ ဒသမ ၈၃ မှ ၅ ဒသမ ၂၄ ထိ တိုးလာကြောင်း၊ မြေသားဖွဲ့စည်းမှု ကောင်းကာ အပင်စားသုံးနိုင်သော ဖော့စ်ဖိတ်နှင့် ပိုတက်ဓာတ်တို့လည်း တိုးလာနိုင်ပါသည်။



(စ)**မြေဆွေးပုံပြုလုပ်သုံးစွဲခြင်း**-မြေဆွေးပုံပြုလုပ်သုံးစွဲပေးခြင်းဖြင့်ဓာတ်မြေဩဇာလိုအပ်မှုအားလျော့ချနိုင်ခြင်း၊ မြေဆီ လွှာအတွင်းအာဟာရဓာတ်များအားဖြည့်တင်းပေးနိုင်ပြီးမြေ အစိုဓာတ်ကိုလည်းထိန်းသိမ်းပေးနိုင်ခြင်း၊ သစ်ဆွေးဓာတ်များကို အမြန်ဆွေးမြေ့စေရန်လုပ်ဆောင်ပေးသည့် မြေဆီလွှာအတွင်းရှိ အကျိုးပြုအဏုဇီဝပိုးများနှင့် မှိုများပွားများလာမှုကိုအားပေးခြင်း နှင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကိုလည်း ထိန်းသိမ်းရာ ရောက်ပါသည်။



(ဆ) **နှမ်းရိုးများအား စပါးစိုက်ခင်းအတွင်းသို့ပြန်လည် ထည့် သွင်းခြင်း**- နှမ်းရိုးများသည် ပိုတက်စီယမ်ဓာတ်ကြွယ်ဝ ပါသည်။ စပါးစိုက်ခင်းများအတွင်းတွင် ရေထဲသို့ မြှုပ်ပေးလိုက်ရုံဖြင့် နှမ်းရိုးထဲရှိပိုတက်စီယမ်ဓာတ်များသည် အပင်စားသုံး နိုင်သည့်ပုံစံဖြင့် ထွက်ရှိလာနိုင်ပြီး စပါးပင်များမှ တိုက်ရိုက် စုပ်ယူ စားသုံးနိုင်ပါသည်။



(ဇ)**ပဲမြစ်ဖုဇီဝမြေဩဇာများနှင့် ထရိုင်ခိုဒါးမား မှိုအားသုံးစွဲပေးခြင်း**- မြေမှနိုက်ထရိုဂျင် လျော့ ပါးမှုကို ကာကွယ်ရန်နှင့် ပဲပင်အတွက် လိုအပ် သောနိုက်ထရိုဂျင်ဓာတ်ကိုအကျိုးရှိစွာဖြင့်ဖြည့် ဆည်းပေးနိုင်ရန် ပဲမြစ်ဖုမြေဩဇာများကို ထည့်သွင်းသုံးစွဲပေးနိုင်ပါသည်။ အပင်ကြီးထွားမှုကို အားပေးသော ပဋိဇီဝပစ္စည်း (Antibiotics)များ ထုတ်နိုင်ပြီး သီးနှံမြေဆောင်ရောဂါများကို ကာကွယ်နှိမ်နင်း ပေးနိုင်သော အဏုဇီဝသက်ရှိမှိုများကိုလည်း အသုံးပြုသင့်ပါသည်။




စိုက်ပျိုးမြေအများစုသည် သစ်ဆွေးဓာတ်နည်းပါးသည့်အတွက် မြေတွင်းသစ်ဆွေးဓာတ် ကို ပြန်လည်ဖြည့်တင်းပေးနိုင်မှသာမြေဆီလွှာ၏သီးနှံထုတ်လုပ် နိုင်စွမ်းကိုရေရှည် ထိန်း သိမ်းနိုင်ပြီး ဓာတ်မြေဩဇာကုန်ကျစရိတ်ကို လျော့ချနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လယ် ယာထွက် စွန့်ပစ်ပစ္စည်းများကို သဘာဝမြေဩဇာ၊ ထရိုကိုဒါးမားမှိုနှင့် မြေဆွေးပြုလုပ်နည်း များပညာပေးခြင်း၊ သဘာဝမြေဩဇာများကို အလွယ်တကူဝယ်ယူသုံးစွဲနိုင်အောင် စီစဉ် ပေးခြင်း၊ သဘာဝမြေဩဇာများ၊ ဇီဝမြေဩဇာများနှင့် ဓာတ်မြေဩဇာကို အကျိုးရှိစွာသုံးစွဲမှု နည်းပညာပေးခြင်းများဖြင့်မြေဆီလွှာကိုထိန်းသိမ်းနိုင်ပါသည်။ မြေဆီလွှာကျန်းမာမှ မျှော်မှန်းအထွက်နှုန်းကို ရရှိစေမည်ဖြစ်၍ မြေဆီလွှာမယိုယွင်း မပျက်စီးအောင်ကာကွယ်ရန် အရေးကြီးပါကြောင်း တင်ပြလိုက်ရပါသည်။

ဒေါက်တာရွှေလုံး

www.agribiznews.com.mm နှင့် ePaper တို့တွင်
ကြော်ငြာများထည့်သွင်းနိုင်ပါပြီ